ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ စနေနေ့။ Saturday, 14 November 2020 ၁၀၁၉၆

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အဆိုပါသဝဏ်လွှာများမှာ -

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘူတန်နိုင်ငံ၏ စတုတ္ထမြောက်ဘုရင်မင်းမြတ် ဂျစ်မီဆင်း(ဂ်)ရီ၊ ဝန်ချွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူများသည် ငြိမ်းချမ်းသာယာဝပြောရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ၎င်းတို့၏ ပြင်းပြသောဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည့် အဆွေတော်၏ ပါတီအပေါ် ယုံကြည်ချက်အပြည့်ဖြင့် ထောက်ခံအားပေးခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အဆွေတော်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အဆွေတော်၏ သံတမန်စွမ်းရည် ပြည့်ဝမှုဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် အနောက်နိုင်ငံများနှင့်ပါ ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို အောင်မြင်စွာ ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရင်ဒရာ မိုဒီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်နှင့် အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် နောက်ထပ်အဆင့်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် အဆွေတော်နှင့်အတူ ဆက်လက်ဖော်ဆောင်သွားရန် မျှော်လင့်ပါကြောင်း။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။


နေပြည်တော် နိုဝင်ဘာ ၁၃

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုယ်စား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

**ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး**

ဒုတိယအကြိမ် မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ပြီး မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ကြေးမုံ

# အသက်ရှည်ကျန်းမာရေးအလေးထား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သောအချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ဆီးချို သွေးချိုရောဂါဖြစ်ပွားသူပေါင်း ၄၆၃ သန်းကျော်ရှိနေပြီး နှစ်စဉ် အဆိုပါရောဂါနှင့်ဆက်စပ်၍ သေဆုံးသူပေါင်း ၄ ဒသမ ၂ သန်းကျော်ရှိသည်ဟု သိရသည်။ နှစ်စဉ်ကမ္ဘာပေါ်ရှိ လူ လေးသန်းကျော်သည် ဆီးချို၊ သွေးချိုရောဂါကို အကြောင်းပြု၍ သေဆုံးရသည့်သဘောရှိနေသည်။

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံကျော်ရှိရာ လူဦးရေတစ်ဝက်နီးပါးသည် ဆီးချို၊ သွေးချိုရောဂါရှိနေ၍ ကမ္ဘာ့ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်ရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နိုဝင်ဘာလ ၁၂ ရက်နေ့အထိ သေဆုံးသူ ၁၅၀၀ ကျော်ရှိသည်။ သေဆုံးသူများ၏ ၉၄ ရာခိုင်နှုန်းသည် ရောဂါအခံကြောင့် သေဆုံးရခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ရောဂါအခံရှိသူများတွင် ဝေဒနာပိုမိုပြင်းထန်ကာ အသက်ဆုံးရှုံးနိုင်ခြေများသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး သေဆုံးသူများ၏ ၃၆ ရာခိုင်နှုန်း၌ ဆီးချို၊ သွေးချိုရောဂါရှိနေပြီး ၃၀ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါရှိကာ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ နှစ်မျိုးစလုံးဖြစ်ပွားနေသူမှာ ၁၉ ရာခိုင်နှုန်းရှိသဖြင့် သေဆုံးသူအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် ဆီးချို ၊သွေးချို၊ သွေးတိုးရောဂါများ ရှိသောကြောင့် သေဆုံးမှုနှုန်း များခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိ လူတိုင်းတွင်အဖြစ်များပြီး ဖြစ်ပွားလျှင်လည်း အသက်အန္တရာယ်ရှိသည်ကို သတိပြုရမည်ဖြစ်သည်။

လူတို့၏ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာသောကြောင့် ကမ္ဘာပေါ်တွင် အဆိုပါရောဂါများဖြစ်ပွားမှုမှာ ဖြစ်ပွားနှုန်းပိုများလာသည်။ ထို့ကြောင့် ထိုရောဂါများသည် အရေးကြီးသော ကျန်းမာရေးပြဿနာဖြစ်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၏ သဘောတူဆုံးဖြတ်ချက်အရ ၂၀၀၆ ခုနှစ်မှစတင်၍ နိုဝင်ဘာလ ၁၄ ရက်နေ့ကို ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ခေါင်းစဉ်မှာ "ဆီးချိုကာကွယ်ဖို့ သူနာပြုစွမ်းအား အလေးထားစို့" ဖြစ်၍ ဆီးချို၊ သွေးချိုကာကွယ်ကုသရေးအပိုင်းတွင် သူနာပြုများနှင့် အခြေခံကျန်းမာရေးပညာရှင်များ၏ အရေးပါသောကဏ္ဍကို ဖော်ညွှန်းထားသည်။

ဆီးချို၊ သွေးချိုရောဂါသည် လူတို့အသက်ရှည်ကျန်းမာရေးကို ထိခိုက်အန္တရာယ်ပေးနိုင်သောရောဂါဖြစ်ပြီး ပျောက်ကင်းရန်မလွယ်ကူဘဲ အစားအသောက် အနေအထိုင် အမြဲဆင်ခြင်ရသောရောဂါ ဖြစ်သည်။ ဆီးချို၊ သွေးချို ရောဂါဖြစ်ပွားသောကြောင့် ခြေလက်များ ထိခိုက်ပျက်စီးခြင်း၊ အမြင်နှင့် အကြားအာရုံ ထိခိုက်ပျက်စီးခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများ၊ ကျောက်ကပ်ရောဂါ၊ အာရုံကြောရောဂါ စသည့်နောက်ဆက်တွဲရောဂါများ ဖြစ်ပွားတတ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ပြုလုပ်သော အစီရင်ခံစာအရ အသက် ၂၅ နှစ်မှ ၆၄ နှစ်အရွယ်အတွင်း ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားသူသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး ဆီးချို၊ သွေးချိုရောဂါ အကြိုအဆင့်ဖြစ်ပွားသူ ၁၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆီးချို၊ သွေးချို ရောဂါအန္တရာယ်ကို အထင်အရှားသိလာကြပြီး အမှန်တကယ်တွင် လူတို့၏နေထိုင်စားသောက်မှုပုံစံမမှန်သောကြောင့် အစောပိုင်းကတည်းက ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသည်။ ထို့ကြောင့် ဆီးချို၊ သွေးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကိုယ်အလေးချိန်ကို ထိန်းညှိခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ခြင်း၊ အချိုလွန်ကဲသော အစားအစာများကို ရှောင်ကြဉ်ခြင်းအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုတို့ကို ပုံမှန်ပြုလုပ်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ခေါင်းစဉ်ပါအတိုင်း ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် လူတို့၏ နေ့စဉ် နေထိုင်စားသောက်မှုပုံစံများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကြရမည်ဖြစ်ရာ သူနာပြုများနှင့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၏အခန်းကဏ္ဍကို အလေးထားရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက်(၆၅)နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဂုဏ်ထူးဆောင်ကြက်ခြေနီ သူနာပြု တပ်ဖွဲ့ဝင်ဟောင်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက Virtual Ceremony ဖြင့် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ဂုဏ်ပြုစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့တွင် အသက်(၆၅)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အမည်စာရင်းကို ဖတ်ကြား၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက အသက်(၆၅)နှစ်ပြည့် ဂုဏ်ပြုခံကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်ဟောင်း ၄၆ ဦးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအတွက် ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုတံဆိပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်တပ်ဖွဲ့မှူးများထံသို့ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်ဟောင်း ဦးမန်းကြည်ရှင်က ဂုဏ်ပြုခံကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်ဟောင်းများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်အမယာမော်နိုင်၊ အချိန်ပြည့်/ အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးချုပ်၊ အထွေထွေအတွင်းရေးမှူးနှင့် ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့်တပ်ဖွဲ့မှူးများ၊ ဂုဏ်ပြုခံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်ဟောင်းများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

# ဗန်းမောက်မြို့နယ်ရှိ လမ်းတံတားလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နားပင်-ကနန်း-မူးသား-လမ်းပဒုံး လမ်း (၄၁/၇) မိုင် ကျောက်လမ်းပေါ်တွင် (၂/၀) မိုင် ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ယင်းလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ နန်းဇားရွာအထွက် ၂၅ ပေ သံကူကွန်ကရစ်တံတားတစ်စင်းနှင့် တိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပေ ၂၀ သံကူကွန်ကရစ်တံတား တစ်စင်းနှင့် ၁၅ ပေ သံကူကွန်ကရစ် တံတားတစ်စင်းတို့ တည်ဆောက်ခြင်း လုပ်ငန်းများမှာ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျောက်လမ်း (၄၁/၇) မိုင်နှင့် (၄/၆) မိုင် ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ကျောက်လမ်း (၂/၀) မိုင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ပေ ၂၀ သံကူကွန်ကရစ်တံတား လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ဒေသခံပြည်သူလူထုအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာကာ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# တွံတေးမြို့နယ်၌ ဟင်းသီးဟင်းရွက်နှင့် အခြေခံစားသောက်ကုန်များအား မော်တော်ယာဉ်များဖြင့် လှည့်လည် ရောင်းချပေး

**တွံတေး နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဈေးကားများဖြင့် လှည့်လည်ရောင်းချသောအစီအစဉ်ကို ယနေ့နံနက်ပိုင်းက အုန်းပင်စုရပ်ကွက် ရွှေဆံတော်ဘုရားလမ်းမကြီးရှိ အထက(၁)ရှေ့၌ လာရောက်ရောင်းချခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မိမိတို့နေအိမ်မှ ဝေးကွာသောဈေးများသို့ သွားရောက်ဝယ်ယူရသည့် အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရေး၊ သန့်ရှင်း လတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များအား ပြည်သူများ အလွယ်တကူဝယ်ယူရရှိနိုင်ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ကြီးမှူး၍ ညီနောင်လုပ်ငန်းရှင်အသင်းများက ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဈေးကားများဖြင့် ရပ်ကွက်များအတွင်း လာရောက် ဈေးရောင်းချပေးရာသို့ တွံတေးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးကော်မတီများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းဈေးဝယ်ကြစေရေးတို့အတွက် သွားရောက်ကြည့်ရှုခဲ့ကြသည်။

**မျိုးလှိုင်(တွံတေး)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ အထွေထွေရွေးကောက်ပွဲမှ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ ထမ်မံအနိုင်ရရှိရေးအတွက် ဦးဆောင်မှုပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဤရွေးကောက်ပွဲရလဒ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့် နိုင်ငံအတွက် မျှော်မှန်းချက်များအပေါ် မြန်မာပြည်သူများ၏ ယုံကြည်ကိုးစားမှုရှိကြသည်ကို ထင်ဟပ်လျက်ရှိကြောင်း။

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် မိတ်ဆွေဟောင်းများဖြစ်ကြပြီး ကာလရှည်ကြာ လက်တွဲလာသည့် မိတ်ဖက်များလည်း ဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ အပါအဝင် ကဏ္ဍစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြပါကြောင်း၊ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့စဉ်ကပင် ကုန်စည်ထောက်ပံ့မှုကွန်ရက် ထိန်းသိမ်းဆောင်ရွက်ရေး၊ ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်နှင့် အကောင်းမွန်ဆုံးသော လုပ်နည်းကိုင်နည်းများအား မျှဝေခြင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင် ရောက်ရှိနေကြသည့် မိမိတို့ သက်ဆိုင်ရာ နိုင်ငံသားများ၏ လိုအပ်ချက်များကို အပြန်အလှန် အကူအညီများ ပေးအပ်ခြင်းတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ မိမိအနေဖြင့် ရှိရင်းစွဲဆက်ဆံချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကဏ္ဍသစ်များ ရှာဖွေဖော်ထုတ်သွားရန် အဆွေတော်နှင့်အတူ ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း။

အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိစေရန်၊ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် စင်ကာပူနိုင်ငံသို့ အဆင်ပြေသည့်အချိန်တွင် ထပ်မံလာရောက်လည်ပတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ အောင်မြင်မှုရရှိခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထိုင်းအစိုးရနှင့် ပြည်သူများကိုယ်စား ပြောကြားလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား သောင်းသောင်းဖြဖြ၊ လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ကြခြင်းသည် အဆွေတော်အပေါ်၌ မြန်မာပြည်သူများ၏ အခိုင်အမာယုံကြည်မှုကို ရှင်းလင်းစွာ ထင်ဟပ်ပြသနေခြင်းဖြစ်သကဲ့သို့ လွန်ခဲ့သည့် (၅)နှစ်တာကာလအတွင်း အဆွေတော်၏ ဦးဆောင်မှုအပေါ် အခိုင်အမာထောက်ခံလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

ယခုအချိန်အခါသမယတွင် Natural Strategic Partner ဖြစ်သည့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြင့်လာစေရန် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ကို မိမိအနေဖြင့် ထပ်လောင်းကတိပြု ပြောကြားလိုပါကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် အဆွေတော်နှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့စဉ်က ပြောကြားခဲ့သည့်အတိုင်း COVID-19 ကပ်ရောဂါဘေးကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကူအညီပေးရန် ထိုင်းနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေပါကြောင်း။

မိမိအနေဖြင့် COVID-19 ကပ်ရောဂါဘေး လျော့ကျလာသည့်အချိန်တွင် တွေ့ဆုံခွင့်ရရန်နှင့် ကိုယ်တိုင်ဂုဏ်ပြုစကားပြောကြားရန် စိတ်အားထက်သန်စွာဖြင့် မျှော်လင့်လျက်ရှိပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်ထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူများ၏ ထောက်ခံမှုကို ထူးကဲအောင်မြင်စွာ ရရှိခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ယခုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံနှင့် အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်သူများအတွက် ဆုမွန်ကောင်းပို့သလိုက်ပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရန်အတွက် မြန်မာအစိုးရနှင့်အတူ ဆက်လက်လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❂ ရှေ့ဖုံးမှ

ငြိမ်းချမ်းသာယာသော ပြည်သူဗဟိုပြုအသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရေးအတွက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးမှ လက်ရှိ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်(၃)ခု ဖြစ်သည့် ပြည်သူဗဟိုပြုမဏ္ဍိုင်၊ သာယာဝပြောမှုမဏ္ဍိုင်နှင့် ငြိမ်းချမ်းရေးမဏ္ဍိုင် (People၊ Prosperity၊ Peace)တို့အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို “မဟာဗျူဟာမြောက် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု” အဖြစ် အဆင့်မြှင့်တင်သွားရန် သဘောတူညီခဲ့ကြပြီး၊ ၂၀၂၁ ခုနှစ်ကို မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် “Mekong-ROK Exchange Year 2021” အဖြစ်လည်း သတ်မှတ်ခဲ့ကြသည်။

### အလေးပေးကူညီဆောင်ရွက်ရန်လို

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများ၏ COVID-19 ရောဂါ တိုက်ဖျက်မှုအတွက် ရန်ပုံငွေနှင့် ဆေးပစ္စည်းများ ထောက်ပံ့သည့်အပြင်၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံများ မျှဝေပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး၊ မိမိတို့ဒေသတွင်းမှ ပြည်သူများ COVID-19 ကာကွယ်ဆေး လက်လှမ်းမီရရှိရေးဆောင်ရွက်ပေးရန်မှာ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ကြောင်းနှင့် COVID-19 ကြောင့် ထိခိုက်ခဲ့ရသည့် အလတ်စား၊ အငယ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းသစ်များ ပြန်လည်စတင်နိုင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဝန်းကျင်တစ်ခုဖြစ်ပေါ်လာစေရေးအတွက် အလေးပေးကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်းလည်း အကြံပြုဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတ မွန်ဂျေအင်းက ကြေညာခဲ့သော New Southern Policy Plus (NSPP) မူဝါဒအသစ်နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအား မဟာဗျူဟာမြောက် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအဖြစ် အဆင့်မြှင့်တင်ခဲ့ခြင်းကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများသို့ တရားဝင်အကူအညီ (ODA) တိုးမြှင့်ပေးအပ်ရန် ကတိကဝတ်ပြုခြင်း၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေသို့ နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးသန်း ထည့်ဝင်ခြင်းနှင့် အက်မက်စ်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအတွက် အမေရိကန်ဒေါ်လာ တစ်သန်း ထည့်ဝင်ခြင်းတို့အတွက် လည်းကောင်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံက COVID-19 ဖြစ်ပွားနေသည့်ကာလအတွင်း ရွေးကောက်ပွဲကျင်းပမှု အတွေ့အကြုံများ မျှဝေခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ယင်းတို့မှာ မကြာမီက ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲပြင်ဆင်ရေးအတွက် အကျိုးပြုစေခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးမှ ဒုတိယအကြိမ် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

### (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး

(၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိုရှိဟီဒဲစုဂတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးသို့ မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် စည်းလုံးညီညွတ်မှုနှင့် စုပေါင်းအင်အားလိုအပ်မှု၊ တိုကျိုမဟာဗျူဟာ ၂၀၁၈ ၏မဏ္ဍိုင်(၃)ရပ်အောက်တွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် မဲခေါင်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ်က မဲခေါင်နိုင်ငံများ၌ JICA မှ ချေးငွေထောက်ပံ့ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားရန် ဦးတည်ထားသည့် “မဲခေါင်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်အစီအစဉ်”ကို ကြေညာခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်များသည် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အောက်မှ လူတိုင်းကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရေးနှင့် စီးပွားရေးဆက်ဆံမှု ကျစ်လျစ်ခိုင်မာစေရေးလုပ်ငန်းစဉ်များတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန် ထပ်မံကတိကဝတ် ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာ၌ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများ၏ COVID-19 ကပ်ရောဂါတိုက်ဖျက်ရေးအတွက် Avigan ဆေးပြားများ၊ ဆေးပစ္စည်းကိရိယာများ၊ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များပေးအပ်မှုနှင့် မဲခေါင်နိုင်ငံများနှင့် စီးပွားဆက်ဆံရေး ခိုင်မာလာစေရေး ကြိုးပမ်းမှုတို့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ COVID-19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ဂျပန်နိုင်ငံက “COVID-19 အကျပ်အတည်းဖြေရှင်းရေး အရေးပေါ်ချေးငွေ” ထူထောင်ပေးခြင်း၊ “အာဆီယံ-ဂျပန် စီးပွားရေး ခံနိုင်ရည်ရှိစေရေး လုပ်ငန်းအစီအစဉ်” ချမှတ်ခြင်းနှင့် “ပြည်သူ့ကျန်းမာရေးကဏ္ဍ အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများဆိုင်ရာ အာဆီယံစင်တာ” ထူထောင်ရန် ထောက်ပံ့ခြင်းတို့အတွက် ကျေးဇူးတင်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

### ဟန်ချက်ညီမျှမှုအရေးကြီး

COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် လူမှုစီးပွားရေးထိခိုက်မှုများအား ပြန်လည်ကုစားရာတွင် ဒေသတွင်းချိတ်ဆက်မှုလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ခြင်းသည် အဓိကကျကြောင်း၊ သို့ရာတွင် “ပုံမှန်အနေထားအသစ် (New Normal)” နှင့် ကိုက်ညီမှုရှိစေရန် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများကို ပြုပြင်သင့်ကြောင်း၊ ဒေသတွင်း ချိတ်ဆက်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်းတို့အကြား ဟန်ချက်ညီမျှမှုဖြစ်စေရန် အရေးကြီးကြောင်းကိုလည်း အကြံပြုဆွေးနွေးခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဝေခြင်းစနစ် စွမ်းရည်တိုးတက်စေရန် အကူအညီပေးနေမှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ဆုများ၊ အထက်တန်းကျောင်းသားများအား ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် ဖိတ်ခေါ်သည့်စီမံကိန်း (Asia Kakehashi Project) အပါအဝင် များစွာသော အစီအစဉ်တို့ဖြင့် မဲခေါင်နိုင်ငံများမှ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများအတွက် ကျေးဇူးတင်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

အစည်းအဝေးမှ (၁၂)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**ဖျာပုံ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ပြည်သူလူထုလက်ဝယ်အရောက် ပေးအပ်ရာတွင် သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့လက်ဝယ်တွင် ကြန့်ကြာမှုမရှိစေဘဲ အမြန်ဆုံးထောက်ပံ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၄၀၀၀၀ ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ကိုဗစ်ကော်မတီဝင်များမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၃၀၃၉၀ အတွက် အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၂၁၅၆၀၀၀၀၀ ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၄၈ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါအမျိုးသား လွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးသိန်းလွင် | ၁၄/ပသန(နိုင်)၁၄၈၀၇၈ | အမှတ် (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါက်တာခွန်ဝင်းသောင်း | ၁/မမန(နိုင်)၀၁၃၇၂၃ | အမှတ် (၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအင်ဝမ်ခန်းဇော်တန် (ခ)ဇော်တန် | ၁/တနန(နိုင်)၀၀၀၁၀၁ | အမှတ် (၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၄) | စောဘီစံသိန်းမြင့် | ၃/ကကရ(နိုင်)၀၄၅၄၂၇ | အမှတ် (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာမျိုးအောင် | ၃/ကကရ(နိုင်)၀၂၃၉၃၀ | အမှတ် (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၆) | ဦးကျင့်ဆွမ်းမန် | ၅/ကလထ(နိုင်)၀၀၀၅၅၉ | အမှတ် (၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၇) | ဒေါ်သီတာဝင်း | ၅/မရန(နိုင်)၀၃၃၃၅၇ | အမှတ် (၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးတင်မောင်ဝင်း | ၅/မလန(နိုင်)၀၀၂၂၉၅ | အမှတ် (၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါက်တာအောင်လင်း | ၅/ယမပ(နိုင်)၀၀၅၄၇၇ | အမှတ် (၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၀) | ဦးအိုက်မွန်း | ၁၃/ကခန(နိုင်)၀၁၆၂၂၉ | အမှတ် (၅) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၁၁) | နန်းမွန်းစိန် | ၁၃/သနန(နိုင်)၀၀၀၀၃၀ | အမှတ် (၆) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ခွန်အောင်ကျော် | ၁၃/တကန(နိုင်)၁၉၇၉၃၉ | အမှတ် (၁၀) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးအိုက်နပ် | ၁၃/လရန(နိုင်)၀၂၁၉၈၈ | အမှတ် (၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၄) | ဒေါ်မေသန်းနွဲ့ | ၇/တငန(နိုင်)၀၀၉၈၂၂ | အမှတ် (၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၄၉ /၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ် များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးယောဆီ | ၁/ပတအ(နိုင်)၀၀၁၇၆၆ | ပူတာအို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဒိန်ခန်ဖုန်(ခ)ခန်လင် | ၁/ပတအ(နိုင်)၀၀၅၄၃၃ | ပူတာအို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးကောင်ဆိုင်းလ | ၁/တနန(နိုင်)၀၀၀၁၈၂ | တနိုင်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဇော်ဝင်း | ၅/ယမပ(နိုင်)၀၃၄၉၀၅ | တနိုင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးအောင်သင်း(ခ) ဦးဇော်သင်း | ၁/ဗမန(နိုင်)၀၂၉၂၀၈ | ဗန်းမော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါ်ဇာခြည်မြင့် | ၁/ဗမန(နိုင်)၀၆၄၄၇၈ | ဗန်းမော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၇) | ဦးခွန်မျိုးတင့် | ၃/ဘအန(နိုင်)၀၀၉၀၆၂ | ပအိုဝ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးတင်ဝင်း | ၅/ရဥန(နိုင်)၀၁၃၄၇၀ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | မင်းထွန်းလွင် | ၃/ဘအန(နိုင်)၀၇၈၂၉၀ | မွန် တိုင်းရင်းသား | မွန်ညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးကိုကိုအောင် | ၅/ဆလက(နိုင်)၀၅၇၉၀၇ | ဆားလင်းကြီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးအောင်အောင် | ၅/ဆလက(နိုင်)၀၀၆၄၀၉ | ဆားလင်းကြီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါ်ခင်နှင်းရီ | ၅/ယမပ(နိုင်)၀၅၀၇၄၆ | ယင်းမာပင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါ်အေးစန္ဒာကျော် | ၅/ယမပ(နိုင်)၀၈၆၀၁၀ | ယင်းမာပင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်လတ်လတ်မိုးအောင် | ၅/မလန(နိုင်)၀၀၀၆၁၉ | မော်လိုက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးလှိုင်မြင့် | ၅/ကလထ(နိုင်)၀၂၈၀၄၇ | မော်လိုက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးသန်း | ၅/ကသန(နိုင်)၀၂၄၇၉၉ | ကသာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးဝင်းရွှေ | ၅/ကသန(နိုင်)၀၄၃၈၃၆ | ကသာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးစိုးသိဏ်း | ၅/ထခန(နိုင်)၀၀၉၈၅၁ | ထီးချိုင့်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးသိန်းဟန် | ၅/ထခန(နိုင်)၀၇၂၉၈၀ | ထီးချိုင့်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးဝင်းမြင့်(ခ) ဦးဝင်းမြင့်ခင် | ၅/ခဥတ(နိုင်)၀၀၅၃၀၈ | ချောင်းဦး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးဝင်းသန့်နိုင် | ၅/ခဥတ(နိုင်)၀၆၀၅၁၈ | ချောင်းဦး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၂၂) | ဦးချစ်မင်းသိန်း | ၉/မလန(နိုင်)၀၉၂၇၇၄ | မလှိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဒေါ်သီတာငြိမ်း | ၉/မလန(နိုင်)၀၀၈၁၄၇ | မလှိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၂၄) | ဦးမောင်ညို | ၁၃/မဘန(နိုင်)၀၀၃၀၀၅ | မဘိမ်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးမင်းမင်းသိန်း | ၁၃/မဘန(နိုင်)၀၁၅၁၆၅ | မဘိမ်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဒေါ်ရီရီဝင်း | ၁၃/မမတ(နိုင်)၀၀၄၇၆၉ | မိုးမိတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးမြင့်ရွှေ(ခ) အဂီး | ၁၃/မမတ(နိုင်)၀၃၅၄၅၇ | မိုးမိတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါက်တာလင်းထွဋ် | ၁၃/ကခန(နိုင်)၀၀၁၅၄၄ | လားရှိုး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဒေါ်ရီရီမင်း | ၁၃/လရန(နိုင်)၁၈၂၄၃၆ | လားရှိုး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | နန်းဥမ္မာ(ခ) နန်းမွန်းမွန်းပေါင်း | ၁၃/သပန(နိုင်)၀၄၂၁၉၀ | သီပေါ(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | စိုင်းလောဝ်ပိန်း | ၁၃/သပန(နိုင်)၀၄၈၀၆၉ | သီပေါ(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | ဟိုပန်(၁) | ‘ဝ’အမျိုးသားပါတီ |
| (၃၃) | ဦးညီနပ် | ၁၃/လရန(နိုင်)၀၂၁၂၂၁ | ဟိုပန်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးစိုင်းကျော်သိန်း | ၁၃/မဆတ(နိုင်)၀၀၁၄၉၂ | မူဆယ်(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးနော်တောင် | ၁၃/မဆတ(နိုင်)၀၃၃၈၈၄ | မူဆယ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးအောင်မြင့်ထွန်း | ၉/တကန(နိုင်)၁၃၄၄၆၆ | နောင်ချို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဒေါက်တာညီညီအောင် | ၈/ဆဖန(နိုင်)၀၁၆၄၀၆ | နောင်ချို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးစိုင်းမွန်း | ၁၂/မရက(နိုင်)၁၂၂၅၂၄ | တန့်ယန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးစိုင်းခမ်းမြတ် | ၁၃/တယန(နိုင်)၀၀၅၈၅၉ | တန့်ယန်း(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | ဦးခမ်းရွှေ | ၁၃/ပယန(နိုင်)၀၀၈၀၀၄ | မက်မန်း(၁) | တစ်သီးပုဂ္ဂလ |
| (၄၁) | ဦးကျာကဖော် | ၁၃/ပယန(နိုင်)၀၀၁၉၈၉ | မက်မန်း(၂) | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၄၂) | ဦးစိုးညွန့်လွင် | ၈/နမန(နိုင်)၀၅၈၀၄၇ | တောင်ကြီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၃) | ဒေါက်တာဒေါ်သန်းငွေ | ၁၃/တကန(နိုင်)၀၁၀၅၂၉ | တောင်ကြီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးလီကျိန်းဖူ(ခ) မြင့်ဆွေ | ၁၃/နခတ(နိုင်)၀၅၄၀၆၃ | ကုန်းကြမ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၅) | ဦးမောင်မောင် | ၁၃/လရန(နိုင်)၀၉၀၆၁၀ | ကုန်းကြမ်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ | ၁၃/မဆတ(နိုင်)၀၄၈၁၆၃ | လောက်ကိုင်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၅ သို့ ❍

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၀ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁) | ဒေါ်အေးအေးမူ(ခ) ရှားမီး | ၅/ကလထ(နိုင်)၀၂၁၇၀၇ | ကလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးသန်းထွန်းမြင့် | ၅/ကလဝ(နိုင်)၀၀၀၈၃၁ | ကလေးဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **မန္တလေးတိုင်းဒေသကြီး** | | | |
| (၃) | ဦးစိန်မြင့် | ၅/မရန(နိုင်)၀၁၆၂၈၇ | မြင်းခြံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးရွှေကို | ၉/ကပတ(နိုင်)၁၂၀၈၆၃ | ကျောက်ပန်းတောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၅) | ဦးသက်နိုင်စိုး | ၁၂/ဥကတ(နိုင်)၁၄၁၀၇၀ | တောင်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာဝေဖြိုးအောင် | ၁၂/သကတ(နိုင်)၁၃၈၂၆၉ | သာကေတ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအေးနိုင် | ၁၂/လမန(နိုင်)၁၀၀၇၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဒေါက်တာမျိုးအောင် | ၁၂/ဒဂမ(နိုင်)၀၀၈၆၂၀ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါ်မြသီတာ | ၁၂/ဒဂမ(နိုင်)၀၁၈၅၂၀ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးအောင်ဇော်ဝင်း | ၁၂/ဥကမ(နိုင်)၁၄၅၈၃၄ | မြောက်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးမောင်မောင်ဦး | ၁၂/အစန(နိုင်)၁၆၃၀၁၄ | အင်းစိန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါ်ခင်မြတ်သူ | ၁၂/မဂဒ(နိုင်)၁၀၅၈၂၇ | မင်္ဂလာဒုံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးဝင်းမင်း | ၁၂/ကမတ(နိုင်)၀၄၀၇၃၆ | လှိုင်သာယာ (အနောက်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးမြင့်လွင် | ၁၂/တတန(နိုင်)၁၀၈၂၈၅ | တွံတေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးကျော်ဇော | ၁၂/တမန(နိုင်)၀၅၀၆၅၇ | ခရမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးလွင်ကိုလတ် | ၁၂/သလန(နိုင်)၀၀၈၃၉၆ | သန်လျင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၁ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၁) | ဒေါက်တာမြတ်ညာဏစိုး | ၁၂ / ကတတ(နိုင်)၀၀၀၈၇၀ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးနေကျော် | ၁၂ / တမန(နိုင်)၀၄၅၈၁၈ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအာကာမျိုးထက် | ၁၂ / ဥကတ(နိုင်)၁၅၂၁၂၀ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်ဇင်ဝင်း | ၁၂ / ဒပန(နိုင်)၀၄၂၄၂၆ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးကျော်စိုးမိုးလွင် | ၁၂ / ပဇတ(နိုင်)၀၀၄၁၇၉ | အမှတ် ( ၉ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာငွေးလှ | ၁၂ / သခန(နိုင်)၀၀၆၀၉၀ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၂ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးဆွတ်နောင် | ၁/ဝမန(နိုင်)၀၀၃၄၁၄ | မိုးမောက်(၁) | ကချင်ပြည်နယ်ပြည်သူ့ပါတီ |

စာမျက်နှာ ၆ သို့ ❂

❍ စာမျက်နှာ ၄ မှ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| (၄၇) | ဦးဘောရင်နယ်(ခ) ခင်မောင်လွင် | ၁၃/လကန(နိုင်)၀၀၀၀၂၉ | လောက်ကိုင်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဒေါက်တာဂျွန်နီ | ၁၂/ဥကမ(နိုင်)၁၇၈၈၅၃ | ရပ်စောက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၉) | ဦးမောင်မောင်စိန် | ၁၃/ရစန(နိုင်)၀၀၅၅၂၅ | ရပ်စောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးခွန်မောင်ဖြူ | ၁၃/ဟပန(နိုင်)၀၀၂၂၀၂ | ဟိုပုံး(၁) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးစံလွင်(ခ)ခွန်စံလွင် | ၁၃/တကန(နိုင်)၁၄၆၃၁၃ | ဟိုပုံး(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးအေးမောင် | ၁၃/နခန(နိုင်)၀၀၃၀၆၄ | နမ့်ခမ်း(၁) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၅၃) | ဒေါ်အိုင်စောစိန် | ၁၃/နခန(နိုင်)၀၃၆၅၀၄ | နမ့်ခမ်း(၂) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၅၄) | အိုက်ခမ်းလှိုင် | ၁၃/မယတ(နိုင်)၀၀၁၄၈၆ | မိုင်းယောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၅) | စိုင်းရှဲန်တစ်(ပ်)လုံ(ခ) စိုင်းဆိုင်တစ်(ပ်)လုံ | ၁၃/ကတန(နိုင်)၀၁၄၂၇၂ | မိုင်းယောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ရှေ့ဝတီတိုင်းဒေသကြီး** | | | |
| (၅၆) | ဦးသန်းထွန်း | ၁၄/ပသန(နိုင်)၂၁၃၀၂၈ | ပုသိမ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၇) | ဦးလွင်ဦးမောင် | ၁၄/ပသန(နိုင်)၁၄၃၉၁၀ | ပုသိမ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၈) | ဦးထူးကျော် | ၁၂/ကမရ(နိုင်)၀၅၆၂၆၉ | ငပုတော(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၉) | ဦးသက်ပိုင်စိုး | ၁၄/ငပတ(နိုင်)၁၆၃၉၅၉ | ငပုတော(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၀) | ဦးခင်ဘို(ခ) ဦးအောင်ခင်ဗိုလ် | ၁၄/ဘကလ(နိုင်)၀၀၆၇၂၆ | ဘိုကလေး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၁) | ဦးဇင်မင်းထက် | ၁၄/ဘကလ(နိုင်)၂၀၉၅၄၅ | ဘိုကလေး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၅၃ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်
## ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအောင်ဟိန်းမင်း | ၁/မညန(နိုင်)၁၇၂၇၉၅ | ဖားကန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးအကျောနဲလအောင် | ၁/မခဘ(နိုင်)၀၀၇၆၇၈ | မချမ်းဘော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကာစီရန်း | ၅/လရန(နိုင်)၀၀၂၆၉၁ | လေရှီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးတိုးလုံ | ၅/လဟန(နိုင်)၀၀၄၈၀၇ | လဟယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅) | ဒေါက်တာဆင့်စိုး | ၁၂/မဘန(နိုင်)၀၁၆၂၂၀ | မိတ္ထီလာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးဇော်မင်းလွင် | ၉/မတရ(နိုင်)၀၁၄၄၉၇ | မတ္တရာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၇) | ဦးရဲလွင် | ၁၂/တကန(နိုင်)၀၀၅၅၉၉ | ရွှေပြည်သာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင် | ၁၁/ရသတ(နိုင်)၀၃၅၉၀၁ | လှိုင်သာယာ (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၉) | ဦးလမင်းထွန်း(ခ)အဖြိုး | ၁၃/နဆန(နိုင်)၀၅၅၅၃၆ | နမ့်ဆန် | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၁၀) | ဦးအိုက်ခ | ၁၃/နမတ(နိုင်)၀၁၉၄၄၀ | မန်တုံ | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၁၁) | နန်းခမ်းဗွာ | ၁၃/ဟပန(နိုင်)၀၅၁၁၈၃ | ဟိုပုံး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးသူရလွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၂ | ကွတ်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးတိုးသောင် | ၉/မကန(နိုင်)၀၁၉၃၄၉ | မိုးမိတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးခင်မောင်သီ | ၁၃/လလန(နိုင်)၀၀၅၇၇၁ | လွိုင်လင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၅၄ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်
## ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးခင်မောင်မြင့် | ၁ / ကမန(နိုင်)၀၁၈၇၈၆ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးကိုကိုနိုင် | ၅ / ကလဝ(နိုင်)၀၂၅၁၃၉ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးမင်းနိုင် | ၅ / လရန(နိုင်)၀၀၃၈၃၃ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄) | ဒေါ်ဖြူဖြူလွင် | ၁၂ / လကန(နိုင်)၁၂၈၂၄၀ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးမောင်မောင်မင်း(ခ) ဦးမင်းမောင်မောင် | ၁၂ / လမန(နိုင်)၀၂၈၈၃၇ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးခင်မောင်ရှိန် | ၁၂ / အစန(နိုင်)၁၂၀၆၃၁ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအေးဗိုလ် | ၁၂ / အလန(နိုင်)၀၃၁၅၀၁ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၈) | ဦးအောင်ကိုကို | ၁၃ / ရစန(နိုင်)၀၆၀၃၂၅ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❂ စာမျက်နှာ ၅ မှ

| | | | | |
|---|---|---|---|---|
| (၂) | ဦးစိုင်းအောင်လတ်(ခ) ဦးထွန်းစိန် | ၁/မမန(နိုင်)၀၀၀၄၉၅ | မိုးမောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၃) | နန်းခင်ထွေးမြင့် | ၃/ဘအန(နိုင်)၀၂၅၆၁၅ | ဘားအံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးသန်းနိုင် | ၃/ဘအန(နိုင်)၀၂၇၃၈၂ | ဘားအံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၅) | ဦးဇော်ထက် | ၅/ပလန(နိုင်)၀၃၉၃၉၁ | ပုလဲ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမြင့်ကြည် | ၅/ပလန(နိုင်)၀၁၆၀၁၀ | ပုလဲ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၇) | ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန် | ၉/မရမ(နိုင်)၀၄၉၂၀၄ | ရှမ်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမင်းမင်းထွန်း | ၉/သပက(နိုင်)၀၃၄၂၀၈ | သပိတ်ကျင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးနိုင်ဦး | ၉/သပက(နိုင်)၀၁၂၅၅၃ | သပိတ်ကျင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးညီညီ | ၁၂/ဗဟန(နိုင်)၀၁၇၄၃၂ | ဒဂုံမြို့သစ် (တောင်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးသိန်းနိုင် | ၁၄/မမန(နိုင်)၁၀၀၂၅၆ | ဒဂုံမြို့သစ် (တောင်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစောနေလင်း | ၁၂/လတန(နိုင်)၀၉၆၆၀၈ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးကျော်ကျော်မောင် | ၁၂/တမန(နိုင်)၀၉၃၂၁၉ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်ဥမ္မာထိုက် | ၁၂/တတန(နိုင်)၁၃၆၀၈၂ | တွံတေး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဒေါက်တာရည်ရည်မွန် | ၁၂/တတန(နိုင်)၀၅၉၆၅၅ | တွံတေး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဒေါ်သစ်သစ်မြင့် | ၁၂/ဥကတ(နိုင်)၀၃၆၉၁၂ | တောင်ဥက္ကလာပ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးအောင်မျိုးသန့် | ၁၂/ဥကတ(နိုင်)၁၀၀၆၀၉ | တောင်ဥက္ကလာပ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးဇော်ဝင်း(ခ) ကိုလတ် | ၁၂/အစန(နိုင်)၀၀၉၂၇၆ | အင်းစိန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးဝေဖြိုးဟန် | ၁၂/ကတတ(နိုင်)၀၂၇၉၅၃ | အင်းစိန်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၂၀) | ဦးဝင်းသန်း | ၁၄/ငပတ(နိုင်)၀၂၈၁၄၂ | ရခိုင် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဂျွဲမိုးမြတ်မြတ်သူ | ၁၄/ကပန(နိုင်)၀၃၅၄၂၇ | ကရင် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၅ /၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာ လိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဒေါ်သန့်ဝေကျော် | ၅/ကလထ(နိုင်)၁၅၇၅၆၈ | ကလေး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဘွဲ့ဟုတ်ထန် | ၅/ကလထ(နိုင်)၁၁၃၁၃၇ | ကလေး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအောင်သန်းကျော် | ၅/ကလဝ(နိုင်)၀၀၀၇၁၉ | ကလေးဝ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်)၀၃၀၇၆၄ | ကလေးဝ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးကျော်ငွေး | ၅/လရန(နိုင်)၀၀၂၉၂၈ | လေရှီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးရိထင် | ၅/ဟမလ(နိုင်)၀၅၂၉၉၁ | လေရှီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးရှုစံကြူး | ၅/ခတန(နိုင်)၀၀၅၄၂၀ | လဟယ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးကယ် | ၅/ခတန(နိုင်)၀၁၃၈၅၅ | လဟယ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးကျော်ငွေးလွင် | ၅/ဟမလ(နိုင်)၀၁၁၉၄၃ | ရှမ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်လါလ်ရင်းမွန် | ၄/ဖလန(နိုင်)၀၀၂၂၆၁ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးချမ်းမြေ့ | ၉/မခန(နိုင်)၁၆၃၇၉၇ | မြင်းခြံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးကိုကိုမောင် | ၉/မခန(နိုင်)၁၈၁၆၁၆ | မြင်းခြံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးအေးခိုင် | ၉/ကပတ(နိုင်)၀၀၀၁၀၉ | ကျောက်ပန်းတောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးမျိုးဆွေဦး | ၉/ကပတ(နိုင်)၁၄၃၁၆၄ | ကျောက်ပန်းတောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးလွင်မောင်မောင် | ၈/ပမန(နိုင်)၀၈၃၂၇၂ | မိတ္ထီလာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးနေထွန်းဝင်း(ခ) ဦးမောင်မောင်ကြီး | ၉/မထလ(နိုင်)၀၉၇၉၈၁ | မိတ္ထီလာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးမောင်မောင်အေး | ၉/မတရ(နိုင်)၀၂၃၂၉၄ | မတ္တရာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးမင်းမင်း | ၉/မတရ(နိုင်)၀၉၅၀၅၆ | မတ္တရာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၉) | ဦးနိုင်ငံလင်း | ၁၂/ဥကမ(နိုင်)၁၇၆၃၈၉ | သာကေတ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်ဇင်ဦး | ၁၂/သကတ(နိုင်)၁၄၀၇၆၄ | သာကေတ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးတင်ထွန်းနိုင် | ၁၂/မဂတ(နိုင်)၀၂၃၂၇၄ | ဒဂုံမြို့သစ် (မြောက်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဒေါက်တာဘိုင်အို(ခ) ဒေါက်တာစိုးဝင်းဦး | ၁၄/အဂပ(နိုင်)၁၂၂၀၁၉ | ဒဂုံမြို့သစ် (မြောက်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးဇော်လွင် | ၁၂/ဥကမ(နိုင်)၁၀၀၁၁၁ | မြောက်ဥက္ကလာပ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးလူမင်းထွန်း | ၁၂/ဥကမ(နိုင်)၁၈၃၃၉၄ | မြောက်ဥက္ကလာပ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးနေလင်းအောင် | ၁၂/သလန(နိုင်)၀၇၀၉၈၅ | သန်လျင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးအောင်နိုင်ထွန်း | ၁၂/သလန(နိုင်)၀၁၁၇၄၇ | သန်လျင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးမောင်မောင်မြင့်(ခ) ဦးမောင်မောင် | ၁၂/တတန(နိုင်) ၁၁၇၄၀၉ | လှိုင်သာယာ (အနောက်ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဦးမြတ်မင်းသူ | ၁၄/လပတ(နိုင်)၁၂၅၈၈၁ | လှိုင်သာယာ (အနောက်ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဒေါ်ခင်ဝေဝေ | ၉/မရတ(နိုင်)၁၂၄၄၀၉ | မင်္ဂလာဒုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါ်သန္တာမိုး | ၁၂/မဂဒ(နိုင်)၁၀၆၆၇၄ | မင်္ဂလာဒုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးလှတိုး | ၁၂/ခရန(နိုင်)၀၀၀၈၁၃ | ခရမ်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးသိန်းဇော်လတ် | ၁၂/ခရန(နိုင်)၀၉၇၅၉၀ | ခရမ်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက် သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးတင်အေး | ၁/မညန(နိုင်)၀၆၈၂၅၇ | မိုးညှင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဆော်ထီနီ | ၁/ဆလန(နိုင်)၀၀၁၉၂၇ | ဆော့လော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | တွန်းဇန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဒေါက်တာမင်းသိန်း | ၅/ရဥန(နိုင်)၀၀၁၉၁၄ | ရေဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးမြင့်ထွန်း | ၅/တဆန(နိုင်)၀၀၀၆၈၇ | တန့်ဆည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမျိုးညွန့် | ၅/ဟမလ(နိုင်)၀၁၅၀၉၆ | ဟုမ္မလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးကျော်စိုး | ၅/ဗမန(နိုင်)၀၁၉၈၆၈ | ဗန်းမောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၈) | ဒေါက်တာဦးကြွယ်ကြွယ် | ၁၄/ဘကလ(နိုင်)၀၀၄၇၅၀ | တောင်သာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၉) | ဦးကျောက်တယ်ချန် | ၁၃/လရန(နိုင်)၀၉၇၁၇၅ | လောက်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဝေစန်း | ၉/ခမစ(နိုင်)၀၁၁၁၂၅ | ကုန်းကြမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးအောင်မြင့်ရှိန် | ၁၃/မဘန(နိုင်)၀၀၀၀၅၉ | မဘိမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစိုင်းထွန်းအောင် | ၁၃/မယတ(နိုင်)၀၀၂၂၅၇ | မိုင်းယောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ခွန်ထိုင်း | ၁၃/ဆဆန(နိုင်)၀၅၉၈၂၂ | ဆီဆိုင် | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၂၅၇ / ၂၀၂၀ )**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးမင်းဆွေနိုင် | ၁ / မညန(နိုင်)၀၃၀၂၈၆ | အမှတ်( ၇ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်ခင်နှင်းထွေး | ၁ / မညန(နိုင်)၀၀၃၄၈၃ | အမှတ်( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးခေါတိန့် | ၅ / စကန(နိုင်)၀၄၉၃၂၇ | အမှတ်( ၉ ) | ဒီမိုကရေစီပါတီသစ်(ကချင်) |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးကျော်မြင့်ဌေး | ၅ / ဟမလ(နိုင်)၀၁၅၀၈၈ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၂၅၈ / ၂၀၂၀ )**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဒိုင်လွမ်း | ၁/ဆလန(နိုင်)၀၀၂၂၃၉ | ဆော့လော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်ခေါ်မာဂူ | ၁၃/နခတ(နိုင်)၀၁၉၃၃၄ | ဆော့လော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးရင်ထန်ဆင်ဖေး | ၁/ပတအ(နိုင်)၀၄၇၀၂၆ | မချမ်းဘော(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးစောနွဲ့ခွန်ဆိုင်ခမ်း | ၁/ပတအ(နိုင်)၀၃၁၂၀၆ | မချမ်းဘော(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးတင့်စိုး | ၁/ကမန(နိုင်)၀၀၉၂၂၁ | ဖားကန့်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးလဆိုင်း | ၁/ကမန(နိုင်)၀၀၉၉၀၉ | ဖားကန့်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်သက်သူဇာခိုင်(ခ)<br>သက်ထားနှောင်း | ၁/မညန(နိုင်)၀၀၂၂၀၃ | မိုးညှင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမျိုးမျိုးကျော် | ၁/မညန(နိုင်)၁၁၆၈၄၇ | မိုးညှင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၉) | ဦးကမ်းခင်းမန် | ၄/တဇန(နိုင်)၀၀၂၅၀၆ | တွန်းဇန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးပေါင်လွန်းမင့်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | တွန်းဇန်(၂) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးကျော်ဆွေဝင်း | ၅/ဟမလ(နိုင်)၀၅၆၅၃၁ | ဟုမ္မလင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးမြင့်ထိုက်ဦး | ၅/ဟမလ(နိုင်)၀၆၁၆၃၅ | ဟုမ္မလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးဝင်းရွှေ | ၅/ဗမန(နိုင်)၀၃၁၅၃၉ | ဗန်းမောက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးညီညီဟန် | ၅/ဗမန(နိုင်)၀၂၀၄၄၃ | ဗန်းမောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးကျော်ရွှေ | ၅/တဆန(နိုင်)၀၀၁၉၃၄ | တန့်ဆည်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးမင်းလွင်(ခ)<br>ဦးမြင့်ဦး | ၅/တဆန(နိုင်)၀၀၁၅၆၂ | တန့်ဆည်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးသန်းညွန့်(ခ)<br>ဦးသန်းညွန့်ဝင်း | ၅/ရဥန(နိုင်)၀၀၇၀၉၅ | ရေဦး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးမြင့်ထွေး | ၅/ရဥန(နိုင်)၀၅၄၂၀၁ | ရေဦး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၉) | ဦးဝိုင်းချစ်အောင် | ၉/ခမစ(နိုင်)၀၁၇၂၉၀ | တောင်သာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်မျိုးအောင် | ၉/တသန(နိုင်)၁၀၅၆၈၃ | တောင်သာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၂၁) | ဦးအောင်ဇော်ထွေး | ၇/သနပ(နိုင်)၀၉၉၂၅၆ | ရွှေပြည်သာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးနေလင်းအောင် | ၁၂/ကမရ(နိုင်)၀၅၆၅၆၅ | ရွှေပြည်သာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးကျော်မြင့်(ခ)<br>ဦးကျော်ကြီး | ၁၂/အစန(နိုင်)၀၇၈၁၀၇ | လှိုင်သာယာ<br>(အရှေ့ပိုင်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးဟန်ထူးအောင် | ၁၂/လသယ(နိုင်)၀၂၁၆၅၂ | လှိုင်သာယာ<br>(အရှေ့ပိုင်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါ်ထုမေ | ၁၁/ရဗန(နိုင်)၀၅၀၃၂၁ | ရခိုင်<br>တိုင်းရင်းသား | တစ်သီးပုဂ္ဂလ |
| (၂၆) | နော်လှလှစိုး(ခ)<br>နော်စူစင်နာလှလှစိုး | ၁၂/အစန(နိုင်)၀၄၃၇၅၃ | ကရင်<br>တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၂၇) | ဦးဇော်မြင့်(ခ)<br>ဦးကျော်ဦး | ၁၃/နဆန(နိုင်)၀၂၃၅၇၁ | နမ့်ဆန်(၁) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၂၈) | ဦးဝင်းထူး | ၁၃/ကမန(နိုင်)၀၆၅၁၁၀ | နမ့်ဆန်(၂) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၂၉) | ဦးကြာထွန်း | ၁၃/ကခန(နိုင်)၀၀၃၅၃၇ | ကွတ်ခိုင်(၁) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၃၀) | ဦးနော်အောင် | ၁၃/ကခန(နိုင်)၀၁၆၈၃၂ | ကွတ်ခိုင်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်<br>ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးသိန်းဇော် | ၁၃/နဆန(နိုင်)၀၃၇၂၆၀ | မန်တုံ(၁) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၃၂) | မိုင်းနိုင်အောင်မိုး | ၁၃/မတတ(နိုင်)၀၀၅၆၈၉ | မန်တုံ(၂) | တအာင်း(ပလောင်)အမျိုးသားပါတီ |

(ပုံ) လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် (တိုင်းရင်းသားလူမျိုးများလွှတ်တော်) |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ ဦး | ၁၃၈ ဦး | ၅၀၀ ဦး | ၁၆ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄ ဦး | ၆ ဦး | ၃၆ ဦး | - |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ ဦး | ၂ ဦး | ၂၇ ဦး | - |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | ၁ ဦး |
| ၆။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| ၇။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၂ ဦး | ၇ ဦး | - |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | ၃ ဦး | ၃ ဦး | - |
| ၉။ | ရခိုင်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၀။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၃ ဦး | - |
| ၁၁။ | 'ဝ'အမျိုးသားပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ ဦး | ၁ ဦး | - |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | - |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး | - | ၁ ဦး | - |
| ၁၈။ | တစ်သီးပုဂ္ဂလ | - | - | ၂ ဦး | ၁ ဦး |
| | စုစုပေါင်း | ၃၁၃ ဦး | ၁၆၀ ဦး | ၆၀၈ ဦး | ၁၈ ဦး |

# အနိုင်ရပါတီများ ကိုယ်စားလှယ်လောင်းဦးရေ စာရင်းချုပ်

| စဉ် | ပါတီအမည် | အရေအတွက် |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၁၂ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆ ဦး |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂ ဦး |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၁၅ ဦး |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၁၂ ဦး |
| ၆။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၈ ဦး |
| ၇။ | ရခိုင်ဦးဆောင်ပါတီ | ၃ ဦး |
| ၈။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄ ဦး |
| ၉။ | 'ဝ'အမျိုးသားပါတီ | ၃ ဦး |
| ၁၀။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၁၂ ဦး |
| ၁၁။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၁ ဦး |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၂ ဦး |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁ ဦး |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | ၁ ဦး |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ ဦး |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး |
| ၁၈။ | တစ်သီးပုဂ္ဂလ | ၃ ဦး |
| | စုစုပေါင်း | ၁၀၉၉ ဦး |

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ-၂၀၂၀ ၌ မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲ- ၂၀၂၀ ထိပ်သီးအစည်းအဝေး၏ 'Panel Discussion on Technology and The Future of Work in ASEAN' ကဏ္ဍတွင် မိန့်ခွန်းပြောကြားသည့် Video Speech ကို ပေးပို့ခဲ့သည်။




**နည်းပညာသစ်အသုံးပြုရေး**

စကားဝိုင်းဆွေးနွေးပွဲ၌ အင်ဒိုနီးရှားနိုင်ငံသမ္မတ Ir. H. Joko Widodo နှင့် ယူကေနိုင်ငံမှ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး The Right Honorable Elizabeth Truss MP တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက Video မိန့်ခွန်းပြောကြားခဲ့ကြပြီး ထိုသို့ပြောကြားရာတွင် အာဆီယံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် စက်မှုလုပ်ငန်းများအားလုံး နည်းပညာအသစ်များကို အသုံးပြုနိုင်ရေး ပြင်ဆင်သွားရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

မိမိတို့အနေဖြင့် AI မှ AR နည်းပညာသို့ ကူးပြောင်းနိုင်ရန်အတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို လက်ခံရန်လိုအပ်ကြောင်း၊ ထို့ကြောင့်ဆေးပညာသင်ယူသည့် ကျောင်းသား ကျောင်းသူများပင်လျှင် အဆင့်မြင့်စက်ရုပ်နည်းပညာတို့ကိုပါ သိရှိနားလည်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အနေဖြင့်လည်း ဒစ်ဂျစ်တယ်စနစ်ကိုအသုံးပြုနိုင်ရန်၊ e-commerce စနစ်နှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေမှုတို့ကို အကျွမ်းတဝင်ဖြစ်စေရန် လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာမှာ ယနေ့ခေတ်အလုပ်သမားများအတွက် လိုအပ်သည့် အဓိကကျွမ်းကျင်မှုဖြစ်လာပြီး အမြဲတမ်းသင်ယူလေ့လာသွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးစနစ်ကို သုံးသပ်နေရန် လိုအပ်ကြောင်း၊ လယ်သမားများမှာလည်း အသိပညာပြည့်ဝသည့် လုပ်သားများဖြစ်ရန်လိုပါကြောင်း ပြောကြားခဲ့သည်။

**ပွင့်လင်းမှုနှင့်စာနာမှုရှိရန်**

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အာဆီယံအနေဖြင့် 4th Industrial Revolution သို့ ကူးပြောင်းစဉ် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ ပွင့်လင်းမှုနှင့် အချင်းချင်း စာနာမှုရှိရန် ဆွေးနွေးခဲ့ပြီး မိမိတို့အနေဖြင့် လူမှုအသိုက်အဝန်း၏ ပြဿနာဟောင်းများကို ခေတ်သစ်နည်းပညာများ အသုံးပြုပြီး ဖြေရှင်းရန်လိုပါကြောင်း၊ မိမိတို့၏ အဓိက သင်ယူမှုများက သတိ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စာနာမှုများကို လျစ်လျူရှု၍မရပါကြောင်း၊ တစ်ဦးချင်းစီ၏ ကွဲပြားမှုများမှာ အတားအဆီးများမဖြစ်ရန်အတွက် မိမိတို့မှာ ပွင့်လင်းပြီး လက်ခံနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ကျောင်းများသည် တွေးခေါ်နိုင်စွမ်းရှိရန် သင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးစနစ်များ၊ အလုပ်ခွင်များနှင့် ပြည်သူ့ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှာ ဝေဖန်ခြင်းကို ခံနိုင်စွမ်းရှိသည့် အဖွဲ့အစည်းများ ဖြစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ 'Digital ASEAN: Sustainable and Inclusive' ဖြစ်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲသည် အရှေ့တောင်အာရှနိုင်ငံများ၏ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ ခေါင်းဆောင်များနှင့် ဒေသတွင်းရှိ စီးပွားရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များပါဝင်ကာ ဒေသ၏ အနာဂတ်အလားအလာများကို ဆွေးနွေးရန် နှစ်စဉ်ကျင်းပသည့်ဖိုရမ်တစ်ခုဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သက်ရောက်မှုများရှိပြီး စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့် အခြေအနေ၌ ကျင်းပသော ယခုဆွေးနွေးပွဲသည် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ နှစ်ခုစလုံးအတွက် ဒစ်ဂျစ်တယ်ခေတ်တွင် အားလုံးပါဝင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသော တိုးတက်မှုကိုမြှင့်တင်ရန် နည်းလမ်းများ ဖော်ထုတ်နိုင်ရေးအတူတကွစုစည်းပေးသည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်ကောင်စီနယ်မြေရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသော သမ္မတရုံးဝန်ကြီးဌာန၏ ဝန်ကြီးရုံးသစ်၊ သံကူကွန်ကရစ်သုံးထပ် အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။





**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်က တည်ဆောက်ရေးလုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေ၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ် ကဏ္ဍအလိုက်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားကြောင်းနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ကိရိယာများနှင့် သီးသန့်ရေပိုက်လိုင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် အဆောက်အအုံကို အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂) အနေဖြင့် အဆောက်အအုံ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စံပြဖြစ်အောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်း ပြည့်မီအောင် အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လက်ရာသေသပ် ကောင်းမွန်ရေးနှင့် ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းဆောင်ရွက်ရန်လိုပါကြောင်း၊ နောင်တစ်ချိန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဆောက်အအုံ ဒီဇိုင်းအသေးစိတ်ကို သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးရန်လိုပါကြောင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်ပါရှိရေးနှင့် လုပ်ငန်းခွင်ဆောင်ရွက်နေသည့် လုပ်သားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံကူကွန်ကရစ်သုံးထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အချောသပ်ဆောင်ရွက်နေမှုအခြေအနေနှင့် လျှပ်စစ်နည်းပညာပိုင်း ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**၉၆ ရာခိုင်နှုန်းပြီးစီး**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ သမ္မတရုံးဝန်ကြီးဌာန၏ ဝန်ကြီးရုံးသစ်၊ သံကူကွန်ကရစ်သုံးထပ်၊ စတုရန်းပေ ၁၃၂၉၆၀ ရှိသည့် အဆောက်အအုံကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး ၉၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် တည်ဆောက်နေသည့် သုခဝတီအိမ်ရာ စီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ လက်ရှိနိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် အိမ်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က မြို့ပြ၊ ရေသန့်၊ လျှပ်စစ် ကဏ္ဍနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသေးစိတ်မြေပုံရာဇဝင်များနှင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအပြင် ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အငှားအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအိမ်ရာစီမံကိန်းများကို အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သုခဝတီအိမ်ရာစီမံကိန်းအတွင်းရှိ တည်ဆောက်ပြီး အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သုခဝတီအိမ်ရာစီမံကိန်း (နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာ)ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်မြို့ပတ်လမ်းဘေး မြေဧရိယာ ၃၃ ဧကရှိ မြေပေါ်တွင် ယူနစ်(၃၀၀) ၁၂ ခန်းတွဲ ၅ ထပ် ငါးလုံး၊ ယူနစ်(၁၂၀) ၁၂ ခန်းတွဲ ၅ ထပ် နှစ်လုံး၊ ယူနစ်(၁၀၀) ၄ခန်းတွဲ ၅ ထပ် ငါးလုံး၊ (၄၁၆) ယူနစ် ၄ ခန်းတွဲ ၅ ထပ် ၂၆ လုံး၊ (၂၈၈) ယူနစ် ၄ ခန်းတွဲ ၅ ထပ် ၁၈လုံးတို့ကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်၌ အခြေခံအိမ်ထောင်စု ၁၂၁၅၆ စုအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေများပေးအပ်

**မောင်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စု ၁၂၁၅၆ စုအား တစ်အိမ်ထောင်စုလျှင် ငွေကျပ်လေးသောင်းနှုန်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲက ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၀ ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စု ၁၂၁၅၆ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ်လေးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၈၆၂၄၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများ၏ လက်ဝယ်အရောက် ယနေ့မှစတင်၍ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး





**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီမှ ကော်မတီဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ် ) နှင့် ဒေါ်နန်းကလျာဝင်း၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

**ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရန်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များကို ချီးကျူးပြောကြားလိုပါကြောင်း၊ အသင်းဖြစ်မြောက်ရန်အတွက် အသင်းဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းပြီးနောက်တွင် အသင်းဖြစ်မြောက်ရေးအတွက် အစည်းအဝေးများ ဆက်တိုက်ကျင်းပလုပ်ဆောင်ခဲ့ပါကြောင်း၊ အသင်းကို ဖွဲ့စည်းရန် စတင်ရည်ရွယ် ဆောင်ရွက်စဉ်ကတည်းက မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်းများ စနစ်တကျ၊ ပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပါကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းလုပ်ကိုင်နေကြသူများ စုပေါင်း၍ မိမိတို့ အကျိုးစီးပွားကို ဆောင်ရွက်ရင်း၊ တစ်ချိန်တည်းတွင် လုပ်ငန်းလုပ်ကိုင်သူများ အသိပညာများ တိုးပွားကာ လုပ်ငန်းများ တိုးတက်ရေးအတွက် အသိပညာများ မျှဝေရေး၊ တစ်ချိန်တည်းတွင် လုပ်ငန်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီအနေဖြင့် ထိုကဲ့သို့ လှုပ်ရှားမှုများကို ဆောင်ရွက်နေသည့်အပြင် အသင်းဖွဲ့စည်းရေးအတွက်လည်း ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

**စိတ်တူကိုယ်တူစုပေါင်းဆောင်ရွက်**

ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီ အနေဖြင့် သင်းဖွဲ့စည်းမျဉ်းရေးဆွဲခြင်း၊ အသင်းသားများ စည်းရုံးဖိတ်ခေါ်ခြင်း၊ အသင်း၏ လုပ်ငန်းများတွင် မည်သည့် လုပ်ငန်းများ အကျုံးဝင်သည် စသည်ဖြင့် တက်တက်ကြွကြွ ဆောင်ရွက်နေကြခြင်းတို့အတွက် ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီကို ကျေးဇူးတင်ရှိပါကြောင်း၊ အသင်းအဖွဲ့များသည် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိပါကြောင်း၊ စိတ်တူကိုယ်တူ၊ လုပ်ငန်းရပ်တူသူများ စုပေါင်းဆောင်ရွက်၍ ရပါကြောင်း။

ဒစ်ဂျစ်တယ်မီဒီယာသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည့် အချိန်တွင် မိမိတို့အနေဖြင့် တတ်အားသမျှ အားပေးကူညီရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်းသည် မီဒီယာဖြစ်သလို တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်း ဖြစ်ပါကြောင်း၊ မီဒီယာအလုပ်သည် မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်ပြီး စီးပွားရေးလုပ်ငန်းသည် မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း သက်ဆိုင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မီဒီယာနှင့်ပတ်သက်သည့် လုပ်ငန်းများသည် ကမ္ဘာတွင် ကြီးကျယ်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အသင်းတွင် ပါဝင်သူများ အကျိုးရှိမည်၊ နိုင်ငံအကျိုးရှိမည်ဟု ထင်မြင်ပါကြောင်း၊ ထို့အတွက် အသင်းဖြစ်မြောက်ရေး အစီအစဉ်တွင် တကယ်လက်တွေ့ ပါဝင်ကူညီနိုင်မည့် အရာများကို အစွမ်းကုန်ပါဝင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ဖြစ်မြောက်ရေးကော်မတီကို စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ပုံမှန်အစည်းအဝေးများ ဆောင်ရွက်ခဲ့မှု၊ အွန်လိုင်းဆွေးနွေးပွဲများကို နှစ်ကြိမ်ကျင်းပခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့မှု၊ ဆက်လက် ဆောင်ရွက်သွားမည့် အွန်လိုင်းဆွေးနွေးပွဲများနှင့် ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ပေါက်လာပါက လူငယ်များ ပြုစုပျိုးထောင်ပေးနိုင်မည့် သင်တန်းများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအမံများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ မြန်မာဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးမှ ပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များနှင့် ယင်းတို့အတွက် အသင်းရုံးခန်းတစ်ခန်း လိုအပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ်)က သင်းဖွဲ့မှတ်တမ်းမူကြမ်းပြုစုပြီးဖြစ်ကြောင်း၊ သင်းဖွဲ့စည်းမျဉ်းအား အခန်း (၁၁) ခန်းကို အခြေခံ၍ ရေးဆွဲနေခြင်း၊ ဒစ်ဂျစ်တယ်မီဒီယာ၏ အနက်ဖွင့်ဆိုချက်နှင့် ယင်းနှင့်ဆက်စပ်ပြီး အသင်းသားများ၏ အရည်အချင်းများ၊ အသင်းဖွဲ့စည်းပုံ၊ ဆက်လက်ရေးဆွဲရန် ကျန်ရှိနေသည်များကို ယခုလကုန်နှင့် ဒီဇင်ဘာလဆန်းအပြီး ရေးဆွဲမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အသင်းကြီးပေါ်ပေါက်လာရေး**

ဆက်လက်၍ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းက မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မကြာမီ အသင်းသားများ စတင်စည်းရုံးမည့် အခြေအနေ၊ အသင်းရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်မည့် ကိစ္စများ၊ ဒီဇင်ဘာ ၂၅ ရက်မတိုင်မီ သို့မဟုတ် ဇန်နဝါရီလဆန်းတွင် အသင်းကြီး ပေါ်ပေါက်လာရေးအတွက် အသင်းရွေးကောက်ပွဲကို အခြေအနေအရ ပုံမှန် သို့မဟုတ် အွန်လိုင်းဖြင့် ကျင်းပသွားနိုင်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီး ပေါ်ပေါက်လာပါက ဆောင်ရွက်သွားနိုင်သည့် ကိစ္စများ၊ ထိုလုပ်ငန်းများ ဆောင်ရွက်ရန် သင့်တော်သည့် ရုံးခန်းတစ်ခု ပြင်ဆင်ခင်းကျင်းဆောင်ရွက်နိုင်ရန် အခြေအနေများကို ရှင်းလင်းတင်ပြသွားသည်။

ဆက်လက်ပြီး ဦးသောင်းစုငြိမ်းနှင့် ဦးကိုကိုတို့က လိုအပ်သည်များကို ဆွေးနွေးကြသည်။

**ရှောင်လွှဲမရသည့် တာဝန်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဆွေးနွေးပြောကြားရာတွင် ဒီမိုကရေစီလူ့ဘောင်တစ်ခုတွင် မီဒီယာ၏ တာဝန်သည် ပြီးဆုံးသွားပြီဟူ၍ မရှိပါကြောင်း၊ ဆက်လက်ကြိုးပမ်းဆောင်ရွက်စရာများ ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ပေါက်ရေးသည် ရှောင်လွှဲမရသည့် တာဝန်တစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာအနှံ့တွင် ဒစ်ဂျစ်တယ်ကူးပြောင်းမှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေချိန်တွင် မိမိတို့နိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာအသင်း ပေါ်ထွန်းလာရေးသည်၊ ဒစ်ဂျစ်တယ်ခေတ်တွင် အမီလိုက်နိုင်ရန်သည် အင်မတန်အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ နောက်ကျသည်ဟု မဆိုနိုင်သေးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆန္ဒမဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး၌ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆက်လက်ထုတ်ပြန်ကြေညာသည်။

**ထုတ်ပြန်ကြေညာ**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် (၅) (၆) (၇) (၈) (၉) (၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာများတွင် ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ ၎င်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ တွံတေးမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် အင်းစိန်မြို့နယ်၊ တွံတေးမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁) နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ထို့နောက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့)မြို့နယ်နှင့် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ည ၈ နာရီတွင် ကျန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ၊ မဲဆန္ဒနယ် (၁) (၂) (၃) (၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာများ၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အရှေ့)မြို့နယ်နှင့် သာကေတမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)နေရာ၊ ရခိုင်တိုင်းရင်းသားရေးရာနှင့် ကရင်တိုင်းရင်းသားရေးရာနေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို အပြီးသတ်ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း သိရသည်။



**သတင်း–မင်းသစ်(MNA)**

**ဓာတ်ပုံ–ရဲထွဋ်**

# တောင်ကိုရီးယားနိုင်ငံ၌ တစ်နှစ်လျှင် စပွတ်ညစ်ခ်-ဗွီ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၁၅၀ ထုတ်လုပ်မည်

**မော်စကို နိုဝင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ တစ်နှစ်လျှင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စပွတ်ညစ်ခ်-ဗွီ အလုံးရေသန်း ၁၅၀ ထုတ်လုပ်ရန် တောင်ကိုရီးယား ဇီဝနည်းပညာကုမ္ပဏီ GL Rapha နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (RDIF) က ယနေ့ ပြောကြားလိုက်သည်။

စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖြန့်ဖြူးရန် နှစ်ဖက်အဖွဲ့အစည်းများက ရည်ရွယ်ကြောင်း ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်၊ ဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ဖြစ်သည့် Russian Sovereign Wealth Fund က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ RDIF နှင့် GL Rapha တို့က တောင်ကိုရီးယားနိုင်ငံ၌ တစ်နှစ်လျှင် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၁၅၀ ကျော် ထုတ်လုပ်ပြီး ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ဖြူးမည်ဟု ထုတ်ပြန်ချက်က ဆိုသည်။

စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးက ၉၂ ရာခိုင်နှုန်း ထိရောက်မှုရှိကြောင်း စေတနာ့ဝန်ထမ်း ၄၀၀၀၀ ဖြင့် ပြုလုပ်သည့် အဆိုပါကာကွယ်ဆေး၏ အဆင့်(၃) လက်တွေ့စမ်းသပ်မှုရလဒ်များကို ကိုးကား၍ RDIF က ပြောကြားသည်။ "ကမ္ဘာ့နိုင်ငံအများအပြားက စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးကို ကာကွယ်ဆေးအစီအစဉ်မှာ ထည့်သွင်းဖို့ စီစဉ်နေပါတယ်" ဟု RDIF အမှုဆောင်အရာရှိချုပ် ကီရေးလ်ဒီမီထရိဗ်က ပြောကြားခဲ့သည်။

RDIF က ကမ္ဘာ့နိုင်ငံ ၅၀ ကျော်မှ စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၂ ဘီလီယံ ဝယ်ယူမည့် အမှာစာများ လက်ခံရရှိခဲ့ရာ ပြည်ပရှိ ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံများ၌ ထုတ်လုပ်မှု တိုးမြှင့်ရန် စဉ်းစားနေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ စပွတ်ညစ်ခ်-ဗွီသည် တစ်ကမ္ဘာလုံးတွင် ပထမဆုံးသော ဗိုင်းရပ်စ်ကာကွယ်ဆေးဖြစ်ပြီး ရုရှားနိုင်ငံက ဩဂုတ် ၁၁ ရက်တွင် တရားဝင် မှတ်ပုံတင်ခဲ့သည်။

ရုရှားနိုင်ငံ ဂါမာလီယာ ကူးစက်ရောဂါဆိုင်ရာ သုတေသနအဖွဲ့က ထုတ်လုပ်သည့်



စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးမှာ လက်ရှိတွင် အဆင့်(၃) လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်ပြီးဖြစ်သည်။ **ကိုးကား – စပွတ်ညစ်ခ်**

**ဘာသာပြန် – ကျော်ထိုက်စိုး**



# ပေကျင်းမြို့တော်အနီး ပလတ်စတစ်စက်ရုံပေါက်ကွဲမှုဖြစ်ပွား ခုနစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၏ အနောက်တောင်ဘက်ရှိ စက်ရုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဟူပေပြည်နယ် ဝူကျိစီရင်စုရှိ ပလတ်စတစ်စက်ရုံ၌ ယမန်နေ့ ညနေ ၆ နာရီဝန်းကျင်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ပြီးဆုံးပြီဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရသောအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း စီရင်စုအစိုးရက ပြောကြားခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း တီယန်ကျင်းမြို့တော်၌ အင်အားပြင်းထန်သော ကုန်လှောင်ရုံ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့၍ ၁၇၃ ဦး သေဆုံးပြီး ၈၀၀ နီးပါး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ကုန်လှောင်ရုံအတွင်း တရားမဝင် အမိုနီယမ် နိုက်ထရိတ်များ သိုလှောင်ထားရာ မီးလောင်ပြီး ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက စစ်ဆေးတွေ့ရှိခဲ့သည်။ ပေါက်ကွဲမှုအတွင်း သေဆုံးသူအများစုက မီးသတ်သမားများ ဖြစ်သည်။

**ကိုးကား – အေဘီစီနယူးစ်**

**ဘာသာပြန် – ကျော်ထိုက်စိုး**



# ဖိလစ်ပိုင်၌ ဗမ်ကိုတိုင်ဖုန်းကြောင့် ၄၂ ဦး သေဆုံး

**မနီလာ နိုဝင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ဗမ်ကိုတိုင်ဖုန်းမုန်တိုင်းကြောင့် ၄၂ ဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိကာ ၂၀ ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

တိုင်ဖုန်းဗမ်ကိုသည် နိုဝင်ဘာ ၁၁ ရက် ညပိုင်းက ဖိလစ်ပိုင်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး တိုင်ဖုန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာသွန်းမှုဖြစ်ပွားကာ မြို့တော်မနီလာနှင့် အနီးအနားပြည်နယ်များရှိ မြေနိမ့်ပိုင်းဒေသအများအပြားကို ရေလွှမ်းမိုးကာ ဒေသခံပြည်သူထောင်နှင့်ချီ နေအိမ်စွန့်ခွာခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်၌ လူဦးရေအထူထပ်ဆုံးဖြစ်သော လူဇွန်ကျွန်းတွင် ဗမ်ကိုတိုင်ဖုန်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မြေပြိုမှုများ၊ သစ်ပင်လဲကျမှုများနှင့် လမ်းပြတ်တောက်မှုများဖြစ်ပွားကာ ဒေသခံပြည်သူသောင်းနှင့်ချီ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အာဏာပိုင်များသည် ရေဘေးသင့်ပြည်သူများကို အစားအစာနှင့် အခြားမရှိမဖြစ်လိုအပ်သော အကူအညီများ ပံ့ပိုးပေးရန် ကတိကဝတ်ပြုခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် အစောင့်တပ်များကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရေဘေးသင့်ဒေသများတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။


**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

# အမေရိကန်နိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုများကြောင့် ခုနစ်ဦး သေဆုံး၊ နှစ်ဦး ပျောက်ဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်နိုင်ငံတောင်ပိုင်း မြောက်ကာရိုလိုင်းနားပြည်နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပွားရာ လူ ခုနစ်ဦး ထက်မနည်း သေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးကာ လမ်းမကြီးများ၊ တံတားများ ပျက်စီးခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။



ရေဘေးအသင့်ဆုံးဒေသတစ်ခုမှာ ချားလော့တီမြို့၏ မြောက်ဘက် တစ်နာရီခန့်သွားရသည့် အလက်ဇန္ဒားစီရင်စုဖြစ်ပြီး အလောင်းသုံးလောင်းတွေ့ရှိကာ လူ ၃၁ ဦးကို ကယ်ဆယ်ရေးစခန်းတစ်ခုမှ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။ ပြည်နယ်အတွင်း ဒေသအချို့၌ မိုးရေချိန် ၁၀ လက်မခန့် ရွာသွန်းခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဆိုသည်။ ရေဘေးကြောင့် နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီအထိ ကလေးငယ်တစ်ဦး အပါအဝင် လူနှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ် ပီးမောင့်ဒေသ အလက်ဇန္ဒားစီရင်စု၌ တံတားလေးစင်းနှင့် လမ်း ၅၀ ခု ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# အီရန်က ၂၀၁၅ နျူကလီးယားဆိုင်ရာသဘောတူညီချက်များအား ဆက်လက်ချိုးဖောက်နေသည်ဟု နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ပြောကြား

**ဗီယင်နာ နိုဝင်ဘာ ၁၃**

အီရန်သည် ကမ္ဘာ့နိုင်ငံများနှင့် သဘောတူညီထားသော ၂၀၁၅ နျူကလီးယားဆိုင်ရာသဘောတူညီချက်များအား ဆက်လက်ချိုးဖောက်နေသည်ဟု နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ပြောကြားခဲ့သည်။ ၎င်းအေဂျင်စီက အီရန်၏ နျူကလီးယားဆိုင်ရာ လတ်တလောဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် အစီရင်ခံစာကို ယမန်နေ့က အေဂျင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် အီရန်သည် နျူကလီးယားဓာတ်ပေါင်းဖိုများတွင် အသုံးပြုသော ယူရေနီယမ်သတ္တုများကို ၂၀၁၅ နျူကလီးယားဆိုင်ရာသဘောတူညီချက်တွင် ခွင့်ပြုထားသည့် ပမာဏထက် ၁၂ ဆ ပိုမိုစုဆောင်းထားသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

အီရန်အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့်သဘောတူညီထားသော သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ပြီး အဆိုပါအရေးကို ဗီယင်နာမြို့၌ နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည့်ဆွေးနွေးပွဲတွင် ဆွေးနွေးသွားရန်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ၂၀၁၅ နျူကလီးယားဆိုင်ရာသဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်သွားပြီးနောက် တီဟီရန်က ယူရေနီယမ်သတ္တု ထုတ်လုပ်မှုများကို ပြန်လည်ဆောင်ရွက်ခဲ့သည်။

ဂျိုးဘိုင်ဒင်လက်ထက်တွင် အဆိုပါ သဘောတူညီချက်စာချုပ်အတွင်းသို့ အမေရိကန်နိုင်ငံ ပြန်လည်ဝင်ရောက်ဖွယ်ရှိသည်ဟု လေ့လာသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# အမေရိကန်သမ္မတရာထူးအာဏာလွှဲပြောင်းမှု အဆင်ပြေချောမွေ့စေရေးအပေါ် စိုးရိမ်မှုများမြင့်တက်

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က သမ္မတရာထူးအာဏာလက်ခံရရှိရေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိစဉ် အဆင်ပြေစွာဖြင့် အာဏာလွှဲပြောင်းရယူနိုင်ရေးအတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အရေးတို့နှင့်ပတ်သက်ပြီး အတူတကွပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း ဂျိုးဘိုင်ဒင်က ပုပ်ရဟန်းမင်းကြီးဖရန့်စစ်နှင့် ယမန်နေ့က ဖုန်းဖြင့်ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ဂျိုးဘိုင်ဒင်က ဂျပန်ဝန်ကြီးချုပ် ဆူဂါ၊ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း၊ ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆန်တို့နှင့် ဖုန်းဖြင့် နိုင်ငံရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျိုးဘိုင်ဒင်က ၎င်းဦးဆောင်မည့် အစိုးရအဖွဲ့ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး ၎င်း၏အကြံပေးများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

သို့သော် လက်ရှိအချိန်တွင် သမ္မတထရမ့်သည် ရွေးကောက်ပွဲရလဒ်အပေါ် လက်ခံနိုင်ခြင်းမရှိဘဲ မဲရေတွက်မှုနှင့်ပတ်သက်ပြီး စွပ်စွဲပြောဆိုလျက်ရှိသည်။ ထို့ပြင် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်အား ရာထူးအာဏာလွှဲပြောင်းပေးရန် လက်ရှိအစိုးရအနေဖြင့် မည်သည့်ကူညီထောက်ပံ့မှုကိုမျှ ပေးခြင်းမရှိကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်အနေဖြင့် နိုင်ငံ့ခေါင်းဆောင်များနှင့် ဖုန်းပြောဆိုမှုများကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကူအညီပါဝင်ခဲ့ခြင်းမရှိဟု အမေရိကန်မီဒီယာများက သတင်းဖော်ပြကြသည်။

သမ္မတထရမ့်နှင့် ရီပတ်ဘလစ်ကန်ပါတီဝင်များသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို မသိကျိုးကျွန်ပြုကာ လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်နေကြသည်ဟု အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက ယမန်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲရလဒ်များကို ကျေကျေနပ်နပ်လက်ခံရန်၊ ဥပဒေရေးရာ စိန်ခေါ်မှုများကို ဖယ်ရှားရန်နှင့် နိုင်ငံအတွင်းကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရန် အလေးထားလုပ်ဆောင်သင့်သည်ဟု နန်စီပီလိုစီက သမ္မတထရမ့်အား တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတထရမ့်က ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့နှင့် ယမန်နေ့က တွေ့ဆုံခဲ့သည်။

မဲရေတွက်ရာတွင် လိမ်လည်မှုများရှိခဲ့သည်ဟု သမ္မတထရမ့်က ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သော်လည်း တိကျခိုင်မာသည့် အထောက်အထားများ ပြသနိုင်ခြင်းမရှိသေးပေ။




နေ့စဉ်စုံစမ်းရရှိသည့် သတင်းအချက်အလက်များကို ဂျိုးဘိုင်ဒင်အား ဝင်ရောက်ကြည့်ရှုခွင့်ပေးရန် သမ္မတထရမ့်ဦးဆောင်သော အစိုးရအား ကွန်ဂရက်ရှိ ရီပတ်ဘလစ်ကန်အမတ်အချို့က တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မိမိနိုင်ငံတစ်ခုတည်းသာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးရရှိရန် ဦးတည်ချက်ထား ဆောင်ရွက်ခြင်းမပြုလုပ်ရန် မလင်ဒါဂိတ်စ် သတိပေး

**ပါရီ နိုဝင်ဘာ ၁၃**

ဘီနှင့်မလင်ဒါဂိတ်စ် ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သည့် မလင်ဒါဂိတ်စ်က အွန်လိုင်းမှကျင်းပသည့် ပါရီငြိမ်းချမ်းရေးဖိုရမ်၌ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရန် နိုင်ငံတိုင်းက မျှော်လင့်ချက်ထားရှိပြီး ဆောင်ရွက်နေကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံများအနေဖြင့် မိမိနိုင်ငံတစ်ခုတည်းသာ ကာကွယ်ဆေးရရှိဖို့ ဦးတည်ချက်ထားဆောင်ရွက်ခြင်း မပြုလုပ်ရန်သတိပေးလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မိတ်ဖက်နိုင်ငံများ၊ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ACT accelerator အစီအစဉ်အရ ကမ္ဘာ့လူသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လက်လှမ်းမီသောဈေးနှုန်းဖြင့် ရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။



ACT accelerator ရဲ့ ရည်မှန်းချက်ကတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖို့ဆောင်ရွက်ရာမှာ နိုင်ငံတွေအနေနဲ့ မိမိတစ်နိုင်ငံတည်းရရှိရေး မဆောင်ရွက်စေဘဲ ဆေးဝါးရရှိပါက တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရေးကို ဆောင်ရွက်သွားဖို့ဖြစ်ပြီး ပထမဦးစားပေးအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပေးအပ်သွားမှာဖြစ်တယ်။ အဲဒီနောက်မှာ ဆင်းရဲချို့တဲ့သူတွေနဲ့ ကမ္ဘာပေါ်ရှိ နိုင်ငံတွေမှနိုင်ငံသားတိုင်းကို ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်ဟု မလင်ဒါဂိတ်ကအေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ မောင်းသူမဲ့လေယာဉ်များဖြင့် ပါဆယ်ပို့ဆောင်သည့်စနစ် စမ်းသပ်အောင်မြင်

**ဆိုးလ် နိုဝင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ မောင်းသူမဲ့လေယာဉ်များဖြင့် ပါဆယ်များပို့ဆောင်သည့်စနစ်ကို စတင်စမ်းသပ်အောင်မြင်ခဲ့သည်။

၂၀၂၅ ခုနှစ်မတိုင်မီ လေကြောင်းမှ ပါဆယ်များဖြင့် ပို့ဆောင်ပေးသည့်စနစ်ကို စီးပွားဖြစ်ဆောင်ရွက်ရန် အာဏာပိုင်များက ရည်ရွယ်ထားသည်။

ယာဉ်ကြောပိတ်ဆို့မှုများကို လျော့ကျလာစေရန် အဆိုပါပို့ဆောင်ရေးစနစ်ကို အသုံးပြုခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရနှင့် ဆိုးလ်မြို့တော်အာဏာပိုင်များက မောင်းသူမဲ့လေယာဉ်သုံး ပါဆယ်ပို့ဆောင်ရေးစနစ်ကို ယနေ့စတင်စမ်းသပ်ခဲ့သည်။ တရုတ်အကျိုးတူဖက်စပ်ကုမ္ပဏီမှ ထုတ်လုပ်သည့် နေရာနှစ်နေရာပါသော မောင်းသူမဲ့လေယာဉ်တစ်စင်းသည် အမြင့် ၅၀ မီတာခန့်တွင် တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှုန်းဖြင့် ၁၀ မိနစ်ကြာလှည့်ပတ်ပျံသန်းခဲ့သည်။

တောင်ကိုရီးယား Hyundai Motor ကုမ္ပဏီနှင့် အမေရိကန် Uber ကုမ္ပဏီတို့သည် ပါဆယ်ပို့ဆောင်ပေးမည့် မောင်းသူမဲ့လေယာဉ်များကို စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်းရှိကုမ္ပဏီများ၏ လေကြောင်းဆက်သွယ်မှုသုတေသနနှင့် လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ကြိုးပမ်းလုပ်ဆောင်မှုများကို တောင်ကိုရီးယားအစိုးရက ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိသည်။

လေကြောင်းပို့ဆောင်ရေးစနစ်ကို တွင်ကျယ်စွာအသုံးပြုမည်ဆိုပါက အသွားအလာထိန်းချုပ်မှုများအပါအဝင် အခြားလိုအပ်သည့်စနစ်များကိုပါ အစိုးရအနေဖြင့် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# နိုင်ငံသားများ၏ အစားအသောက်နှင့် အထွေထွေအသုံးစရိတ်အား အစိုးရမှ ငွေကြေးထက်ဝက်ကျခံမည့်စနစ်ကို ထိုင်းအစိုးရ ဆောင်ရွက်

**ဗန်ကောက် နိုဝင်ဘာ ၁၃**

နိုင်ငံသားများ၏ အစားအသောက်နှင့် အထွေထွေလူသုံးကုန်ပစ္စည်း ဝယ်ယူသည့်စရိတ်အား အစိုးရမှငွေကြေးထက်ဝက်ကျခံမည့်စနစ်ကို ထိုင်းအစိုးရက ယခုနှစ်အလွန်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး အာပွန်တန်ပီရာပီဆက်က ယနေ့ပြောကြားခဲ့သည်။

ယခုအစီအစဉ်၏ ဒုတိယအဆင့်စီမံချက်အား လာမည့်နှစ်တွင် စတင်သွားမည်ဖြစ်ပြီး ပထမအဆင့် စီမံချက်မှာ ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အဆုံးသတ်မည်ဖြစ်သည်။

**ပါဝင်ခွင့်ရမည်**

နိုင်ငံသားများ၏ အစားအသောက်နှင့် အထွေထွေလူသုံးကုန်ပစ္စည်း ဝယ်ယူသည့်စရိတ်ကို အစိုးရမှ ငွေကြေးထက်ဝက် ကျခံမည့်စနစ်အရ အဆိုပါအစီအစဉ်တွင် နိုင်ငံသား ၇ ဒသမ ၆ သန်းနှင့် နိုင်ငံတစ်ဝန်းရှိ စားသောက်ဆိုင်နှင့် ကုန်ပစ္စည်းရောင်းချသည့် စတိုးဆိုင်ပေါင်း ၅၅၇၀၀၀ တို့ ပါဝင်ခွင့်ရမည်ဖြစ်သည်။

ယခုအစီအစဉ်၏ ပထမအဆင့်တွင် ပါဝင်ခွင့်ရသူများအား ဘတ်ငွေ ၃၀၀၀ အထိ အစိုးရက အခမဲ့ဝယ်ယူခွင့်ပြုသွားမည်ဖြစ်ပြီး ထပ်မံပြုလုပ်မည့် ဒုတိယအစီအစဉ်တွင် အခမဲ့ဝယ်ယူခွင့်ပြုသည့်ငွေတန်ဖိုးကို တိုးမြှင့်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်အတွက် ရန်ပုံငွေ ဘတ် ၃၀ ဘီလီယံကို အစိုးရက လျာထားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲပြောကြား

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၃**

အမေရိကန်ရွေးကောက်ပွဲရလဒ်အရ ဂျိုးဘိုင်ဒင်က ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အမေရိကန်နိုင်ငံနှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်လျက်ရှိပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရိုစ်အက်ဒနွမ်ဂီဘရီယီဆက်စ်က ဗီဒီယိုကွန်ဖရင့်ဖြင့် နိုဝင်ဘာ ၉ ရက်တွင် ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂအဖွဲ့နှစ်ပတ်လည်အစည်းအဝေး၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား တရုတ်နိုင်ငံအပေါ် ဘက်လိုက်မှုများရှိနေသည်ဟု စွပ်စွဲခဲ့ပြီး အမေရိကန်နိုင်ငံအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဇူလိုင်လတွင် တရားဝင်နုတ်ထွက်ခဲ့သည်။

သို့သော် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ယခင်က ကတိပြုပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအပါအဝင် အခြားစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုအကြား အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်တာဝန်ခံမှုများကို ပြန်လည်တည်ဆောက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရိုစ်အက်ဒနွမ်ဂီဘရီယီဆက်စ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံအသီးသီး၏ တုံ့ပြန်မှုများကို ဆန်းစစ်သည့် လွတ်လပ်သောအဖွဲ့က ကြားဖြတ်အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၃၂၆၀၄၇၅ ဦး |
| သေဆုံးသူ | ၁၃၀၂၀၉၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၇၃၁၆၇၇၉ ဦး |

# ပင်လည်ဘူး၊ လားရှိုးနှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ပင်လည်ဘူးမြို့နယ် ကောလင်း-ပင်လည်ဘူး ကားလမ်း ကီလိုမီတာတိုင်အမှတ် (၈၄) အနီး၌ ထိန်ဝင်း (ခ)ဖိုးထိန် မောင်းနှင်ပြီး ခင်စန်းရင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နားမခေါ် အဝေးပြေး ယာဉ်ရပ်နားစခန်းဝင်း အတွင်း ယာဉ်ဖြင့် မသင်္ကာဖွယ် တွေ့ရှိသူ စိုင်းခေးနှင့် စိုင်းဆိုင်လိုင်းတို့ နှစ်ဦးကို ရှာဖွေရာ စိတ်ကြွဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ကုလားကျေးရွာနေ မဘူးသိ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၇၂၀၀၊ ဘိန်းစိမ်း သုည ဒသမ ၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

စိုင်းခေးနှင့် စိုင်းဆိုင်လိုင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



## ဖားကန့်၌ လူသတ်မှုကျူးလွန်သူ သုံးဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ဖားကန့် နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း နိုဝင်ဘာ ၁၁ ရက်က ကြိုတင်ရည်ရွယ်ချက်ဖြင့် လူသတ်မှုကျူးလွန်သူ သုံးဦးအား အချိန်တိုအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက ဖားကန့်မြို့နယ် ဥရုဆွတ်အိန်ယန်ကျေးရွာအဝင် ဆိုင်းဘုတ်အနီး ကိုင်းမြက်တောအတွင်း လူတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အမျိုးသားတစ်ဦးအား ပြင်းထန်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရသည်။

သေဆုံးသူနှင့်ပတ်သက်ဆက်နွှယ်သူများအား စုံစမ်းစစ်ဆေးရာ သေဆုံးသူမှာ နိုဝင်ဘာ ၉ ရက် ညပိုင်းက နေအိမ်မှ ထွက်သွားစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်အတူ ရွှေဆွဲကြိုးတစ်ကုံးပါရှိပြီး သေဆုံးလျက်တွေ့ရှိချိန်တွင် အဆိုပါ ရွှေဆွဲကြိုးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။ သေဆုံးသူနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် သူငယ်ချင်းဖြစ်သူ အောင်ပြေစိုးအား စတင်စစ်ဆေးခဲ့ရာ ၎င်းသည် သေဆုံးသူအား မျိုးသီဟနှင့် ဂွမ်ဆန်အောင်(ခ) အောင်အောင်တို့နှင့်အတူ ဆိုင်ကယ်ဖြင့် ခေါ်ဆောင်လာကာ ဥရုဆွတ် အိန်ယန်ကျေးရွာအဝင် ဆိုင်းဘုတ်အနီးတွင် တုတ်ဖြင့် ရိုက်သတ်ပြီး သေဆုံးသူ၏ဆွဲကြိုးအား ယူဆောင်ကာ ခတ်ဆီလောင်း မီးရှို့ပုံဖျက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးထွက်ဆိုခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွဲကြိုးယူ လူသတ်မှုကျူးလွန်သူ အောင်ပြေစိုး၊ မျိုးသီဟနှင့် ဂွမ်ဆန်အောင်(ခ) အောင်အောင်တို့သုံးဦးအား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးဃံကျ(မြစ်ကြီးနား)**




## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ ပါ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသတင်း ကော်လံ (၁) တွင် ဖော်ပြထားသည့် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော WHO STEPS Survey အစီရင်ခံစာအရ အသက် ၁၅ နှစ်မှ ၆၄ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားသူသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး ရောဂါနှင့် ဆက်စပ်သေဆုံးသူပေါင်း ၁၉ ဒသမ ၇ ရာခိုင်နှုန်း ရှိပါကြောင်း (အစား) **၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော WHO STEP Survey အစီရင်ခံစာအရ အသက် ၂၅ နှစ်မှ ၆၄ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားသူသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး ဆီးချိုသွေးချိုရောဂါအကြိုအဆင့်ဖြစ်ပွားသူ ၁၉ ဒသမ ၅ ရာခိုင်နှုန်းရှိပါကြောင်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မဘိမ်းမြို့နယ်၌ ဆင်နင်း၍ လေးဦး သေဆုံး

**မဘိမ်း နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ပင်ကြိမ်ရွာဟောင်းကျေးရွာတွင် ယနေ့နံနက် ၃ နာရီခန့်က ဆင်နင်း၍ လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့နယ် စီပိန်းကျေးရွာ၏အရှေ့ဘက် ဒေသအခေါ် ငါးကြီးအင်းလယ်တောသွားလမ်းပေါ်တွင် ဆင်ထိန်းနိုင်ဝင်းသည် မုံယိုနေသည့်ဆင်ထီးအား လိုက်လံထိန်းကျောင်းစဉ် အဆိုပါဆင်နင်းသဖြင့် သေဆုံးခဲ့ပြီး ဆက်လက်၍ ပင်ကြိမ်ရွာဟောင်းကျေးရွာနေ ဘဉာဏ်၊ အောင်ကြည်စိုးနှင့် ခန့်မင်းသက်တို့ သုံးဦးအား နင်းသတ်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြတ်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ သစ်ထုတ်လုပ်ရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သွားရောက်၍ ၎င်းဆင်အား ဖမ်းဆီးရမိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများ သတိထား






# ရွှေ့နေ နှင့် ပန်းသုံးပွင့်

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေ့နေ နှင့် ပန်းသုံးပွင့် ပါတဲ့"

"ဘာကိုဆိုလိုပါသလဲ ဆရာ"

"ခေတ်စမ်း၏ ပန်းသုံးပွင့်ရနံ့များ ခေါင်းစဉ်နဲ့ ဆရာကြီးများဖြစ်တဲ့ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ရဲ့ စာမူများပါတဲ့ စာအုပ်အကြောင်းကို ပြန်လည်တင်ပြရေးသားချင်လို့ပါ။ ဥပဒေစာအုပ်တွေအကြောင်း အလှည့်ပေးခဲ့ပြီးပြီမို့ ရသစာပေ၊ စာအုပ်တွေဘက် လှည့်ကြပါဦးစို့"

"ခေတ်စမ်းစာပေအကြောင်းမို့ ပိုပြီးစိတ်ဝင်စားပါတယ်ဆရာ"

"ဒါဖြင့် ၊ ဖတ်ကြည့်ကြစို့"

**ပန်းသုံးပွင့်ဆိုတာဘာလဲ**

သုံးပွင့်ဆိုင် ခေတ်စမ်းစာပေဟူ၍ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ စာမူပုဒ်ရေ (၃၀)ကို ရှမဝ စာအုပ်တိုက်ကပင် ၁၉၅၅၊ ၁၉၆၁ နှင့် ၁၉၆၂ တို့၌ သုံးကြိမ်တိတိ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ကြောင်း၊ ယခုစာအုပ်တွင်မူ အဆိုပါ 'သုံးပွင့်ဆိုင်ခေတ်စမ်းစာပေ' စာအုပ်ကို အခြေပြု၍ သိပ္ပံမောင်ဝ၏ ရေးစာအသစ်များကို ဇော်ဂျီနှင့် မင်းသုဝဏ်တို့မှ စုပေါင်း၍ ဖော်ပြထားကြောင်း၊ ဤသည်မှာ ခေတ်စမ်းစာပေ၏ ပန်းသုံးပွင့်အမည်ရ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ စာမူ (၂၁) ပုဒ်ကို ရွေးချယ်စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း ရွှေစာပေကအမှာစာ ရေးသားထားသည်။ ထုတ်ဝေသည့်နှစ်မှာ ၁၉၉၉ ခုနှစ်ဖြစ်သည်။ မိုးမင်းစာပေ (ရန်ကုန်) မှ ထုတ်ဝေခြင်းဖြစ်သည်။ နှစ်ပေါင်း (၂၀) ကျော်က ထုတ်ဝေခဲ့သော စာအုပ်ပါ။ ကာလကြာသည့်တိုင်အောင် ဘယ်နှကြိမ် ပြန်ဖတ်ဖတ် မရိုးနိုင်သော စာအုပ်ပါ။ ခေတ်စမ်းစာပေ၏ အနှစ်သာရပါ။

**မာတိကာ**

သိပ္ပံမောင်ဝ ရေးသားသော အိုင်စီအက်၊ တောက်တဲ့၊ ဂေါက်သီး၊ ဘုရားစင်၊ နှုတ်ဆက်ပွဲ၊ အသံလွှင့်စက်နှင့် မှောင်ကြီးမည်းကြီး စာမူ (၇) ပုဒ် ပါရှိသည်။

ဇော်ဂျီ ရေးသားသော ပုဂံဈေး၊ အချစ်နှင့်စစ်ပွဲ၊ သော့တွဲနှင့် နတ်ရုပ်၊ သူ့မယား၊ ဦးသောဘိတ နှင့်ကိုခင်၊ ကြင်မည့်သူနှင့် ဖိုးမာဒင် စာမူ (၇)ပုဒ် ပါရှိသည်။

မင်းသုဝဏ် ရေးသားသော ဘကြီးအောင်ညာတယ်၊ ဥဩ၊ ဝါသနာ၊ နားသမင်္ဂလာ၊ သကြ်န်တုန်းက၊ ပေါ်တော်မူနှင့် ရန်ရှင်း စာမူ(၇)ပုဒ် ပါရှိသည်။

သိပ္ပံမောင်ဝရေးသားခဲ့သော စာစုများထဲက ကျွန်တော်ကြိုက်နှစ်သက်သော စာစုအချို့ကို ကောက်နုတ်တင်ပြပါရစေ။

**အိုင် စီ အက်**

"ကောလိပ်ကျောင်းပြန်၍ဖွင့်သောအခါ မောင်သာဝသည် အမ်အေနှင့် အိုင်စီအက် အတန်းများကို တက်ရန် နာမည်သွင်းထား၏။ သို့သော် စာအုပ်တစ်အုပ်ကိုမျှလည်း မဝယ်။ စာသင်ခန်းသို့လည်း တစ်ခါတစ်ခါ လမ်းမှား၍သာ ရောက်လာလေသည်။ မိမိ၏နေရပ်သို့ မကြာမကြာ ပြန်ပြီးလျှင် မိမိ အိုင်စီအက် စာမေးပွဲဝင်မည့်အကြောင်း ယင်းစာမေးပွဲတွင် အနည်းဆုံး ဒုတိယရမည့်အကြောင်း၊ မကြာမီ အရေးပိုင်ဖြစ်တော့မည့်အကြောင်းတို့ကို သတင်းလွှင့်လေ၏။ သူဌေးကြီး ကြားလောက်အောင်လည်း မိမိအရေးပိုင်လောင်းဖြစ်ကြောင်း ခပ်ကျယ်ကျယ် ပြောကြားလျက် နေလေသတည်း။"

"ဤသတင်းကို ကြားရသောအခါ သူဌေးကြီးမှာ မောင်သာဝအား သမက်ဖမ်းလိုသောဆန္ဒ ပေါ်၍လာ၏။

**သုံးပွင့်ဆိုင် ခေတ်စမ်းစာပေဟူ၍ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ စာမူပုဒ်ရေ (၃၀)ကို ရှမဝ စာအုပ်တိုက်ကပင် ၁၉၅၅၊ ၁၉၆၁ နှင့် ၁၉၆၂ တို့၌ သုံးကြိမ်တိတိ ပုံနှိပ် ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ကြောင်း . . .**

မောင်သာဝ မိမိ၏သမက်ဖြစ်လျှင် မိမိမှာ အရေးပိုင်ယောက္ခမဘဝသို့ မပင်ပန်းဘဲ ရောက်ရပေမည်။ ဤသမက်မျိုးကိုရလျှင် ကြွားလိုက်မည်၊ မော်လိုက်မည်ဟူ၍လည်း စိတ်ကူး၏။ မိမိအိမ်နားတွင်နေသော ဦးဖိုးထောင်သည် သမက်မြို့အုပ်ဖြစ်ရုံနှင့် အလွန်ဝါကြွား၏။ မောက်မာ၏။ ရိုင်းစိုင်း၏။ အရေးပိုင်ယောက္ခမသည် မြို့အုပ်ယောက္ခမထက် ပို၍ ဂုဏ်ရှိ၏။ ဦးဖိုးထောင်မာန်စွယ်ကို ချိုးဖွဲ့မည်ဟူ၍လည်း ကြိမ်းဝါး၏။ "အရေးပိုင်ယောက္ခမ၊ အရေးပိုင် ယောက္ခမ" ဟု မိမိအား သူတကာက ခေါ်နေပြီဟူ၍ပင် မကြာမကြာ အိပ်မက်လေသည်။" (စာ-၅)

**တောက်တဲ့**

"ပွဲစားအား "ကိုင်း၊ ခင်ဗျား ပြောတာကို သဘောကျပါပြီ၊ အသက်အာမခံလုပ်တော့မယ်။ အခုတော့ မလုပ်နိုင်သေးဘူး။ နောင်နှစ်လ သုံးလလောက်ကြာမှ လုပ်မယ်။ နောင်မှ တစ်ခါ လာပါ"ဟူ၍ တစ်ပတ်ရိုက်ကာလွှတ်၏။ ဤပွဲစားကား ဤသို့ တစ်ပတ်ရိုက်လွှတ်၍ရမည့် ပွဲစားမဟုတ်။ ပွဲစားအရင့်စားထဲက ဖြစ်လေသည်။ သတ္တဝါတို့မည်သည် သင်္ခါရကို မလွန်ဆန်နိုင်။ ယခုကောင်းနေသော်လည်း မနက်ဖြန် သေချင်သေတတ်၏။ သို့ဖြစ်လေရာကား နေ့ရက်များကို အဘယ်ကြောင့်ဆိုင်းငံ့၍ နေမည်နည်း။ ယခုလုပ်ရမည့်အလုပ်ကို ယခုလုပ်မှကောင်းသည်။ မနက်ဖြန်သို့ ရွှေ့ဆိုင်းလိုက်လျှင် အကျိုးယုတ်တတ်၏။ သေခြင်းတရားသည် အလွန်တရာမှပင် မြန်လှပေ၏.... စသဖြင့် ပွဲစားက သေခြင်းတရား အကြောင်းကို မိုးညှင်းဆရာတော်တို့ထက်ပင် သာအောင် ဟောနေပြန်၏။" (စာ-၁၄)

"သြော် - ဒုက္ခ ဒုက္ခ၊ သည်လိုလူ့တောက်တဲ့မျိုးနှင့်ဘဝအဆက်ဆက် မတွေ့ပါရစေနှင့်" ဟူ၍ သိပ္ပံမောင်ဝက ပွဲစားကို တောက်တဲ့နှင့်နှိုင်း၍ နိဂုံးချုပ်ထားသည်။

**ဂေါက်သီး**

"ဂေါက်သီးကား ဂေါက်ပင်က သီးသောအသီး မဟုတ်ပါ။ လက်ကိုင်တုတ်ကဲ့သို့သော အဖျားကောက်ကောက်တုတ်မျိုးဖြင့် ရိုက်ကာ တွင်းစိမ်ကစားရသည့် ကွမ်းသီးလုံးခန့်ရှိ ဘောလုံးကလေးကို ဆိုသည်" (စာ- ၁၈) ဟူ၍ ဂေါက်သီးအကြောင်းကို သိပ္ပံမောင်ဝက မိတ်ဆက်ထားသည်။

မောင်လူအေး (သိပ္ပံမောင်ဝ) သည် ဂေါက်သီးကိုလည်း မစွန့်နိုင်၊ ဇနီးခင်သန်းမြင့်၏ ဆူပူခြင်းကိုလည်း မခံချင်၊ သို့ဖြစ်၍ ခင်သန်းမြင့်အား ဂေါက်သီးကစားရန် ဆွယ်တရားဟောပုံ၊ ထို့နောက် မောင်လူအေးနှင့် ခင်သန်းမြင့်တို့ မနက်တိုင်း ညနေတိုင်း ဂေါက်ကွင်းမှာတွေ့ရပုံ၊ စသည်ဖြင့် ရေးသားထားပြီး နှစ်ဦးသဘောတူ အလုပ်ကိုလုပ်ရခြင်းကား အဟောသုခံ၊ သြော် ချမ်းသာစွဟူ၍ နိဂုံးချုပ်ထားသည်။ ကြည်နူးဖွယ်----- ။ (စာ ၂၇)

**ဘုရားစင်**

"အစိုးရအိမ်များတွင် ဘုရားဆောင်၊ ဘုရားခန်းများကို တသီးတခြား စီမံပေးထားမည် ဆိုလျှင် အစိုးရအမှုထမ်းတို့သည် ယခုထက် ပိုမိုပြီးလျှင် ဘုရားတရားကို ကြည်ညိုလေးစား၍လာရန် အကြောင်းရှိပါသည်။ ထိုအခါ ဘုရားမကြိုက်သော လာဘ်စားခြင်း အမှုများသည်လည်း တစ်စတစ်စ ပပျောက်သွားရန် အကြောင်းရှိပါသည်။ အစိုးရအမှုထမ်းများ အ,ဂတိလေးပါး လိုက်စားခြင်းများလည်း တစ်နေ့တခြား ပျောက်ကွယ်သွားပါလိမ့်မည်။ အမှုအခင်းများတွင်လည်း မှန်မှန်ကန်ကန် ဖြစ်လာပါလိမ့်မည်။ အစိုးရအမှုထမ်းများအပေါ်၌လည်း တိုင်းသူ ပြည်သားတို့က အကြည်ညိုတိုး လာပါလိမ့်မည်။ ထိုအခါ တိုင်းပြည်တွင် ဆူပူရေးများပပျောက်သွားပြီးလျှင် သာယာအေးချမ်းဝပြောခြင်းများ ရောက်လာပါလိမ့်မည်။ ထိုအခါ မြန်မာပြည်ကြီးမှာ နတ်ဘုံနတ်နန်းကြီးသဖွယ် ဖြစ်သွားပါလိမ့်မည်ဟု ဘုရားစင် အမြန်ဆုံးစီမံပေးပါရန် ယခုလက်ရှိဝန်ကြီးချုပ်အား တိုက်တွန်းပေးရန် တောင်းပန်လိုက်ရပါတော့သည်"ဟု နိဂုံးချုပ်ရေးသားထားသည်မှာ ချစ်ခင်လေးစားဖွယ်----- ။ (စာ-၃၇)

ဆရာကြီး သိပ္ပံမောင်ဝ၏ နှုတ်ဆက်ပွဲ၊ အသံလွှင့်စက်နှင့် မှောင်ကြီးမည်းကြီး စာစုများကိုလည်း ဆက်လက်၍ ဖတ်ရှုသင့်ပါသည်။

**ပုဂံဈေး**

ဆရာကြီး ဇော်ဂျီက ပုဂံဈေးခေါင်းစဉ်ဖြင့် တစ်ရံရောအခါက ပုဂံပြည်အကြောင်း ရေးသားထားသည်။ နန်းတွင်းညီလာခံ၌ တရုတ်သံအမတ်သည် တရုတ်ပြည့်ရှင်၏ လက်ဆောင်ပဏ္ဏာများကို ဆက်သပုံ၊ တရုတ်သံအမတ်နှင့် အပြန်အလှန် စကားပြောဆိုပုံ၊ လေ့လာသော ပေထုပ်သည်ကား အခြားမဟုတ် နေ့စဉ်အမတ်ကြီး၏ ထမ်းစင်ဖြတ်သွားရာဖြစ်သော ပုဂံဈေးပင်ဖြစ်ပုံ၊ ပုဂံဈေးသည် ခါတိုင်းကဲ့သို့ပင် စည်ကားလှ၏။ လူအမျိုးမျိုး၊ လူအစားစား ကျက်စားလျက်ရှိ၏။ ရယ်သံ၊ ငိုသံ၊ ရန်ဖြစ်သံ၊ ညည်းညူသံတို့ဖြင့် အုတ်အုတ်ကျက်ကျက် အော်မြည်လျက်ရှိ၏။ အသွားအလာ အပြေးအလွှားတို့ဖြင့်လည်း လှုပ်ရှားလျက်နေလေသည် စသည်ဖြင့်ရေးသည်။


သံအမတ်က "လုလင်၊ သင်လေ့လာသော ပေထုပ်ကို ငါကြည့်ချင်သည်" ဟုဆို၏။ ထိုအခါ လုလင်က "အမတ်မင်း၊ ကျွန်တော်လေ့လာသောပေထုပ်ကား အခြားမဟုတ်၊ နေ့စဉ် အမတ်ကြီး၏ ထမ်းစင်ဖြတ်သွားရာဖြစ်သော ပုဂံဈေးပင် ဖြစ်တော့သည်"ဟု ပြန်ပြောလေသည်။ (စာ-၉၂)

**အချစ်နှင့်စစ်ပွဲ**

ဤစာစုတွင် ဆရာကြီးဇော်ဂျီက "မောင်မောင်၊ စေတီတော်မြတ်မှာ ခင်ခင် တိုင်တည် ဆုတောင်းပြီးပြီ။ မောင်မောင့်ဆီကလဲ ဆုတော်လာဘ်တော်များ တောင်းရလိမ့်ဦးမယ်"

"လိုသည်ကို မိန့်ပါ။ ခင်ခင်ကျေနပ်လောက်အောင် မောင်မောင်အသက်ကို စွန့်စရာရှိရင် စွန့်ပြီး ပေးပါမယ်။"

"မောင်မောင်ဟာ စစ်ရေးအတွက်နှင့်ပင် အသက်ကို စွန့်လိုတဲ့ မောင်မောင်ပဲ။ ခင်ခင် ဒါလောက်နဲ့ ဘယ်ကျေနပ်




နိုင်ပါ့မလဲ၊ ခင်ခင်တောင်းမယ့်ဆုက အသက်ကိုစွန့်ပြီး ပေးရတာထက် ခက်လိမ့်မယ်"

"ဘယ်လို ဆုလာဘ်မျိုးပါလိမ့်....ခင်ခင်"

"ဇမ္ဗူဒီပါ မြေအပြင်ဝယ် သခင်ကြီး တစ်ပါးတည်းကိုသာ ချစ်မြတ်နိုးတော်မူစေချင်ပါတယ် မောင်မောင်" ဟု ရေးသားထားသည်မှာ အချစ်နှင့်စစ်ပွဲ၏ သရုပ်ပီပြင်လှပါပေသည်။(စာ-၁၀၁၊ ၁၀၂)

**သော့တွဲနှင့်နတ်ရုပ်**

ဆရာကြီးဇော်ဂျီက ရှင်ဘုရင်နှင့်ဝန်မင်းများကို ပုံပမာထားလျက် "သာဓု-သာဓု-သာဓု၊ မင်းကြီးတို့စကားကိုယ်တော်မြတ်ကြားရလို့ အားရွှင်မွေ့ နှလုံးတော်လေခွေ့၊ သဘောတော် တွေ့တယ်၊ မင်းကြီးများ။" "ထိုအခါ ဆိုင်းဝိုင်းထဲမှ ပတ်မကြီးက 'ဗေ-ထီ-ထီ-ထိ'ဟု ခပ်လေးလေး ဆွဲ၍ ဆိုင်းခွံ့လိုက်လေသတည်း" ဟူ၍ ရေးချယ်ထားသည်မှာ သရုပ်ပီပြင်လွန်းလှပေသည်။ ကျန်ရှိစာစုများကိုလည်း ရှာဖွေ ဖတ်ကြည့်စေချင်ပါသည်။

**ဘကြီးအောင် ညာတယ်**

ကျော်ကြားထင်ရှားသော ဆရာကြီးမင်းသုဝဏ်၏ စာစုဖြစ်ပါသည်။ ရှုပါ။ "ဘကြီးအောင်၊ ဒီမင်းသမီးရုပ်ကလေးကို ဘယ်သူ့ပေးဖို့ထုနေတာလဲဟင်" ဟု မျက်စိကလေး ပေကလပ်လုပ်၍ မောင်ချစ်ကမေးလေ၏။ ဦးအောင်ချာက "ငါ့တူလိုချင်လို့လား၊ ငွေတစ်ကျပ်ယူခဲ့ရင် ဘကြီးပေးမယ်၊သိလား" ဟု အမှတ်မဲ့ပြောလိုက်သောအခါ မျက်မှောင်ကြုတ်ရင်း ခေါင်းကုတ်လျက် "ဖိုး ပြား ပေးရင် ကျွန်တော် ဒီအရုပ်ကလေးကို တကယ်ပဲရမလား၊ နောက်တော့မညာနဲ့နော်၊ ဘကြီးအောင်" ဟု ပြောရင်း ယောင်ဆံမြိတ်ကလေးကို ချာချာလည်အောင်ပတ်ရစ်လျက် အိမ်ရှိရာသို့ ရွှင်လန်းဝမ်းမြောက်စွာ ခုန်ပေါက်ပြေးလွှားသွားလေ၏ ဟူ၍ ရေးသားထားသည်။ ထို့နောက်၊ အရုပ်ကလေးကို ဝန်ထောက်မင်းလက်သို့ ပါသွားမည်စိုး၍ မောင်ချစ်ခမျာ ဝဲလာသောမျက်ရည်ကို အနိုင်နိုင်ထိန်းရပုံ၊ တမှိုင်မှိုင်တတွေတွေ ထမင်းမစား၊ ဟင်းမစားဖြစ်ရပုံ၊ စုထားသော ငါးမူးနှစ်ပြားကို ဆရာတော်အား လှူလိုက်ပါဟုမှာခဲ့ပုံ၊ ဘာမှမပြောဘဲမောနေပြီး ဘကြီးအောင်ညာတယ်ဟုပြောရင်း မောင်ချစ်အသက်ပျောက်သွားပုံ၊ ယခုအခါတွင်ကား ရွာကလေးအနောက်ဘက် နွားစားကျက်အနီး ထိန်ပင်ကြီးတောင်ယွန်းယွန်းရှိ သင်္ချိုင်းကုန်းထက်တွင် ထီးတည်းသော အုတ်ဂူကလေးတစ်ခုကို တွေ့နိုင်ကြောင်း၊ အချစ်ဂူဟူ၍လည်းကောင်း၊ မောင်ချစ်ဂူဟူ၍လည်းကောင်း အမည်နှစ်မျိုးဖြင့်ခေါ်ကြရာ မည်သည်ကို အမှန်ဟူ၍ မပြောနိုင်ပါ စသည်ဖြင့် ဘကြီးအောင်ညာခဲ့ပုံကို သရုပ်ပေါ်အောင် ဆရာကြီး မင်းသုဝဏ်က ရေးသားထားသည်ကို ရင်ဝယ်သိမ့်သိမ့် ဖတ်ရှုခံစားရပါသည်။ (စာ-၁၆၈)

စွဲမက်ဖွယ်ကျန်စာစုများကိုမူ ကြေးမုံစာချစ်သူများ ဆက်လက်လေ့လာ ဖတ်ရှုစေချင်ပါသည်။

**နိဂုံး**

ခေတ်စမ်းစာပေ၏ ရွှေ့ဆောင် ပန်းသုံးပွင့်၏ဂုဏ်ရောင်မွှေးရနံ့သည်ကား ယနေ့တိုင်ကြိုင်လှိုင် သင်းပျံ့ဆဲပါတကား. . . ။

# နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၃၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၂၈၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁,၁၃၆)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၀၃) ခု | (၁၉၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၇၃၄) ခု | (၇၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၂) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၅၆) ခု | (၆) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၂) ခု | (၁၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၂) ခု | - |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၃) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၆) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၆၄၆) ခု | (၇၅၆) ဦး |
| စုစုပေါင်း | (၁၅,၂၈၁) ခု | (၁,၁၃၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၂၈၁) ဦး | (၈၆၉,၂၂၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၃၆) ဦး | (၆၆,၇၃၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၇၇၃) ဦး | (၅၀,၃၃၆) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၁,၅၃၄) ဦး |

- ယနေ့ သေဆုံးသူ (၂၆) ဦးအနက် ရောဂါအခံရှိသူ (၁၆) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၇၇၃) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၁၅၄) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၁၉) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၇၆၉)ဦးတွင်-
  - Hotel Quarantine - (၂၂၈) ဦး
  - Facility Quarantine - (၆၈၇) ဦး
  - Community Based Facility Quarantine - (၇၄၆) ဦး
  - Anosmia Center - (၁၀၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၈၇၃၉၃၆ | ၆၇၂၈၁၂၀ | ၂၄၈၅၈၅ |
| ၂။ | အိန္ဒိယ | ၈၇၂၉၁၉၀ | ၈၁၁၅၅၈၀ | ၁၂၈၇၂၂ |
| ၃။ | ဘရာဇီး | ၅၇၈၃၆၄၇ | ၅၂၅၆၇၆၇ | ၁၆၄၃၃၂ |
| ၄။ | ပြင်သစ် | ၁၈၉၈၇၁၀ | ၁၃၄၉၅၄ | ၄၂၉၆၀ |
| ၅။ | ရုရှား | ၁၈၈၀၅၅၁ | ၁၄၀၆၉၀၃ | ၃၂၄၄၃ |
| ၆။ | စပိန် | ၁၄၈၄၈၆၈ | စိစစ်ဆဲ | ၄၀၄၆၁ |
| ၇။ | ဗြိတိန် | ၁၂၉၀၁၉၅ | စိစစ်ဆဲ | ၅၀၉၂၈ |
| ၈။ | အာဂျင်တီးနား | ၁၂၈၄၅၁၉ | ၁၁၀၀၁၈၀ | ၃၄၇၈၂ |
| ၉။ | ကိုလံဘီယာ | ၁၁၇၄၀၁၂ | ၁၀၈၁၆၉၁ | ၃၃၄၉၁ |
| ၁၀။ | အီတလီ | ၁၀၆၆၄၀၁ | ၃၈၇၇၅၈ | ၄၃၅၈၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၅၇၇၃၅ | ၃၈၅၀၉၄ | ၁၅၀၃၇ |
| ၂။ | ဖိလစ်ပိုင် | ၄၀၄၇၁၃ | ၃၆၂၉၀၃ | ၇၇၅၂ |
| ၃။ | မြန်မာ | ၆၆၇၃၄ | ၅၀၃၃၆ | ၁၅၃၄ |
| ၄။ | စင်ကာပူ | ၅၈၁၁၄ | ၅၈၀၀၂ | ၂၈ |
| ၅။ | မလေးရှား | ၄၅၀၉၅ | ၃၂၉၆၉ | ၃၀၄ |
| ၆။ | ထိုင်း | ၃၈၆၁ | ၃၆၉၇ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၅၆ | ၁၁၀၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၁ | ၂၈၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |




**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# အမိတက္ကသိုလ်မြေမှ ပေါက်ဖွားလာသော ခေတ်စမ်းစာပေ

ဒေါက်တာညိမ်းညိမ်း

အမိရန်ကုန်တက္ကသိုလ်ရဲ့ နှစ်တစ်ရာပြည့် အချိန်နီးကပ်လာတာနဲ့အမျှ ကျွန်မရင်ထဲမှာ မဖော်ပြနိုင်တဲ့ ပီတိတစ်မျိုးကို ခံစားရပါတယ်။ မြန်မာစာကျောင်းသူတစ်ယောက်ဘဝကနေ မြန်မာစာဆရာမဘဝနဲ့ တက္ကသိုလ်အသီးသီးမှာ အမှုထမ်းခဲ့တယ်၊ ပါမောက္ခတစ်ယောက်ဖြစ်မှ ရန်ကုန်တက္ကသိုလ်ကို ပြန်ရောက်လာရတာဟာ အမိမြေရဲ့တာဝန်ကို ပြန်ထမ်းဖို့လာရတာပဲလို့ ခံယူမိတာမျိုးပါ။

### တက္ကသိုလ်ဆိုတာ

ရန်ကုန်တက္ကသိုလ်က သင်ပေးလိုက်တဲ့ပညာတွေကို ဆက်ပြီး လေ့လာ သင်ကြား သင်ယူ စုဆောင်း ပြုစု ရင်းနှီး ဖြန့်ဝေမှုတွေ လုပ်ခဲ့ရဲ့လားလို့လဲ ဆင်ခြင်မိပါတယ်။ တက္ကသိုလ်ဆိုတာ တွေးတောကြံဆမှုတွေ၊ အသစ်ဖန်တီးမှုတွေနဲ့ တည်ဆောက်ရတဲ့ ပညာရပ်ဝန်းပါ။ ဒီလိုနေရာမှာနေသွားကြတဲ့ ကျောင်းတော်သူကျောင်းတော်သားတွေရဲ့အတိတ်ကို ပြန်တွေးမိစေပါတယ်။

ကျွန်မကို အဲဒီအတွေးတွေ ဝင်လာအောင် အမြဲသတိပေးနေတာကတော့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်အတွင်းမှာ အမှတ်တရ ချိတ်ဆွဲထားတဲ့ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ဓာတ်ပုံတွေပါပဲ။ မြန်မာစာဌာနကို အစပြုခဲ့တဲ့ ဆရာကြီး ဦးဖေမောင်တင်ကနေ ဆက်လက်တာဝန်ယူခဲ့သူတွေရဲ့ ဓာတ်ပုံတွေက မြန်မာစာဌာနရဲ့ သမိုင်းကြောင်းကို ဖော်ပြနေပါတယ်။ အဲဒီသမိုင်းကြောင်းမှာ ထင်ရှားတဲ့ အပြောင်းအလဲကတော့ တက္ကသိုလ်ရပ်ဝန်းကနေ ပြင်ပစာပေလောကကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့တဲ့ ခေတ်စမ်းစာပေ တစ်ခေတ်ဆန်းခဲ့ခြင်းပါပဲ။

ခေတ်ကို စမ်းသပ်လိုက်တဲ့ ခေတ်စမ်းကဗျာ၊ ခေတ်စမ်းပုံပြင်စာအုပ်တွေ ထွက်လာချိန်မှာ ပြင်ပစာပေလောကက ဝေဖန်သုံးသပ်ပြောဆိုတာတွေ ရှိပေမယ့် တက္ကသိုလ်ကျောင်းတော်သားတွေပီပီ အမြော်အမြင်ရှိရှိနဲ့ မြန်မာစာပေတိုးတက်ကြီးပွားရေးကို ရှေးရှုခဲ့တဲ့အတွက် အဲဒီအမွေအနှစ်တွေကို ကျွန်မတို့ အခုခံစားနေရပြီ ဖြစ်ပါတယ်။ လမ်းရိုးဟောင်းမှာ ဆင့်ကာထွင်ခဲ့တဲ့ ခေတ်စမ်းစာပေကြောင့် အတွေးအခေါ် အရှုအမြင် အရေးအသွင်တွေ ပြောင်းခဲ့ကြပါတယ်။


မောင်ဇမောင်၊ မောင်သိန်းဟန်၊ မောင်ညွန့်၊ မောင်ဝန်၊ မောင်တိုးအောင်၊ မခင်စောမူ၊ မောင်ဘသောင်း၊ မောင်စောမောင်မောင်ဆိုတဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသား ကျောင်းသူ ရှစ်ဦးရဲ့ ခေတ်စမ်းကဗျာတွေက ခေတ်ကိုလှုပ်နှိုးခဲ့တယ်။ အရေးမဆန်းနိုင်သေးရင်တောင် အတွေးဆန်းစေဖို့ လမ်းပြခဲ့ပါတယ်။

ခေတ်စမ်းကဗျာစာအုပ်ကို မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း (The Burma Education Extension Association) က ၁၉၃၄ ခုနှစ်မှာ စတင်ထုတ်ဝေတဲ့အခါမှာ **"ယခုပုံနှိပ်ထုတ်ဝေသော ခေတ်စမ်းကဗျာစာအုပ်သည် ဂန္ထလောက၌ ပုံနှိပ်ပြီးသော ကဗျာစုများမှရွေးချယ်၍ ၎င်းတို့ကို ရေးသားသောသူများပင် တက္ကသိုလ်မဂ္ဂဇင်း၌ ရေးသားသော ကဗျာသစ် ကဗျာဆန်းများနှင့်တကွ စုပေါင်း၍ ပုံနှိပ်သော ကဗျာစာအုပ် ဖြစ်သည်"** လို့ ဆရာကြီး ဦးဖေမောင်တင်က ဆိုခဲ့ပါတယ်။ ဆရာကြီးက သူ့တပည့်တွေရဲ့ လက်ရာကို မိတ်ဆက်ပေးရာမှာလည်း **"ယခု ပုံနှိပ်အပ်သော ကဗျာများသည် လူငယ်များ ရေးသားကြသည့်အတိုင်း ဆန်းသစ်သော ကဗျာများ ဖြစ်ကြ၏။ ဆန်းသစ်သည်ဆိုရာ၌ အဖွဲ့အမျိုးအစား ဆန်းသစ်သည်ဟု မဆိုလို၊ စိတ်ကူးဆန်းသစ်သည်ကိုသာ ဆိုလိုပါသည်"**လို့ အရေးထက် အတွေးဆန်းသစ်မှုကို ဦးစားပေးရွေးချယ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဆရာကြီးရဲ့ အမြော်အမြင်နဲ့ တပည့်တွေရဲ့ အရည်အသွေးကို ယုံကြည်စိတ်ချမှုတွေက ခေတ်စမ်းစာပေဆိုတဲ့ စာပေတစ်ခေတ်ကို ဆန်းသစ်လာစေခဲ့ပါတယ်။

### ကံနည်းသူ နတ်ရှင်နောင်

ခေတ်စမ်းကဗျာရှင် မောင်ဇမောင်ရဲ့ **"ကံနည်းသူ နတ်ရှင်နောင်"** ဆိုတဲ့ ကဗျာဟာ ရွတ်ဆိုရတာ အင်မတန်ချောမွေ့ပြီး ရှေးကဗျာတွေရဲ့ အငွေ့အသက်တွေနဲ့ ထုံမွမ်းနေပါတယ်။ **"ပင်တိုင်စံခါတုကလျာ အနွဲ့ငယ်ကြောင့်၊ ကြင်ပိုင်ရန် စာအညှုကဗျာဖွဲ့ရှာရ၊ မဟာသမုဒ္ဒရာ ချဲ့ပါတဲ့ အကြောင်းခံ၊ အသက်လို အချစ်ထူးရော့ထင့်၊ ပုရစ်ဖူးတွေ ဝေဝေမြိုင်တော့၊ မဖြေနိုင် အပူမီးငယ်ကြောင့်၊ တွေတွေမှိုင်အူအသည်းမှာဖြင့် ညီးထိန်လို့လျှံ"** ....တဲ့။ မြန်မာစာပါမောက္ခဦးမောင်ဖြစ်လာမယ့်မောင်ဇမောင်ဟာ ကံနည်းသူ နတ်ရှင်နောင်ရဲ့ အဖြစ်သနစ်ကို ကရုဏာစိတ်၊ စာနာစိတ်တွေနဲ့ ဖွဲ့ဆိုခဲ့လို့ သူ့ခံစားမှုက ဖတ်ရှုရသူကို ကူးစက်စေပါတယ်။

**"မခူးချင်စမ်းပါနဲ့ နှစ်ဆန်းခါတော်မီမို့ ဇမ္ဗော်ရည်ပြေပြေလီမ်းကာပ့ါ ခပ်သိမ်းနယ်စုံစုံသို့ ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဝေနဲ့ သူလဲလေ လောကီသားလိုပေါ့ ကြွားချင်လှပေလိမ့်မယ်"** ...ဆိုတဲ့ ပိတောက်ပန်းကဗျာနဲ့ အတွေးသစ်ခဲ့တဲ့ မောင်သိန်းဟန်ဟာ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ ဖြစ်လာပါတယ်။



မြန်မာနိုင်ငံပညာပြန့်ပွါးရေးအသင်း
ခေတ်စမ်းစာစောင်အမှတ်–၃

ခေတ်စမ်းကဗျာများ
ပဌမတွဲ။

KHITSAN KABYA
VOLUME I.

BURMA EDUCATION EXTENSION ASSOCIATION
MODERN LITERATURE SERIES No. 3
General Editor:—PE MAUNG TIN, B. Litt.
1934

စာဆိုက တိရစ္ဆာန်ကလေးတွေရဲ့ လှုပ်ရှားမှုတွေကို အသေးစိတ် မြင်တတ်ရေးဖွဲ့တတ်ပါတယ်။

### မိုးစွေ ငှက်ကလေးရဲ့ စူးရှတဲ့အသံက စာဖွဲ့ခဲ့

**"မြည်နိုင်ပေသည်၊ မိုးစွေငှက်ပင်၊ ကိုယ်လျှင်သေးသွယ်၊ တိမ်မြင့်လယ်တွင်၊ ငယ်လွန်းပေစုံ၊ လက်မခန့်လည်း၊ အံ့ဩဘွယ်ထက်၊ ကြောက်မက်ဘွယ်သာ၊ ကျာကျာတွတ်တွတ်၊ လွှတ်သည်နှုတ်က၊ စူးစူးရှသည်၊ မိုးဝကွဲမည် ထင်တော့သည်။"** ...လို့ သေးငယ်တဲ့ မိုးစွေငှက်ကလေးရဲ့ စူးရှတဲ့အသံကို ရှာရှာဖွေဖွေ မြင်တတ်တွေးတတ် ရေးတတ်ပါတယ်။ အဲဒီလိုပဲ ကြောင်ကလေးတစ်ကောင်ရဲ့ လှုပ်ရှားမှုကို စာဖွဲ့ခဲ့ပါတယ်။


**"ဘယ်လောက်ပင်လျှင် အဆင်လှသနည်း၊ မည်းမည်းဇော်ဖြူ ကွက်မှန်ကူသို့၊ ကိုယ်မူဖြိုးဖွံ့ မွေးမျိုးညှံ့သည်၊ ကြောင်သန့်နက်ပြာလျှင်တကား။**


**ဘယ်လောက်ပင်လျှင် ယဉ်ပါသနည်း၊ လည်လည်းစောင်းမော့၊ ကိုယ်ဟန်ကြော့နှင့်၊ ပျော့ဖြူးနားရွက်၊ သူ့အထက်ဝယ်၊ တွယ်လျက်ဆင်ယင်၊ နံရံစင်သို့၊ မြော်မြင်စိုက်ငေးနေဟန်ကလေးသည် ယဉ်ကျေးပါဘိသည်တကား။"**


ကျွန်မတို့နေ့စဉ်မြင်နေရတဲ့ ချစ်စရာ ကြောင်ကလေးတွေရဲ့ ကြွက်ချောင်းနေတတ်တဲ့ သဘာဝကို အသေးအဖွဲ့ရယ်လို့ လျစ်လျူမရှုဘဲ မြင်တတ်ကြည့်တတ်တဲ့ ဆရာဇော်ဂျီရဲ့ လောကကို ရှုမြင်ပုံတွေက ထူးခြားပါတယ်။

### စိတ်ထိခိုက်စရာကောင်းလှ

ခေတ်စမ်းစာဆို မောင်ညွန့်ရေးတဲ့ **"အို–ဘခင်"** ဆိုတဲ့ ဖခင်ပျောက်ရှာတဲ့ ကဗျာကိုဖတ်မိတိုင်း အဖေကို တမ်းတနေတဲ့ ကလေးရဲ့အသံနဲ့ မချိတင်ကဲဖြစ်နေတဲ့ မိခင်ရဲ့ဟန်ကို ကဗျာထဲကတစ်ဆင့် ကြားလိုက်မြင်လိုက်ရလို့ စိတ်ထိခိုက်စရာကောင်းလှပါတယ်။







**"မေမေ ဘေဘေ ဘယ်သွား၊ မေးပါပြောလည်း၊ ရှောင်ရှားလွဲဖယ်၊ မွေးမယ်မယ်မှာ၊ သွယ်ဖြာစီးကျ၊ မျက်ရည်စနှင့်၊ ဆွေးလှစိတ်တွင် အို–ဘခင်"**

ကလေးတစ်ယောက်ရဲ့ ခံစားမှုကို ကဗျာဆရာ မောင်ညွန့်က ပီပီပြင်ပြင် သရုပ်ဖော်ပါတယ်။ ဒဏ္ဍာရီထဲက အလွမ်းအဆွေးမဟုတ်ဘဲ ပြင်ပလောကကို မီးမောင်းထိုးပြလိုက်တဲ့ ကဗျာတစ်ပုဒ်ပါ။

**"ခါနွေဆန်းတော့ လွမ်းမိတယ်"** ဆိုတဲ့ ကဗျာကိုတော့ မင်းသုဝဏ်လို့ ထင်ရှားလာမယ့် ကလောင်ရှင် မောင်ဝန်က ဖွဲ့စပ်ခဲ့ပါတယ်။ ဇာတိရပ်ရွာ ကွမ်းခြံကုန်းနဲ့ မိဘဆွေမျိုးတွေကို လွမ်းတဲ့အကြောင်းတွေနဲ့ အစချီထားပါတယ်။

စာမျက်နှာ ၁၉ သို့

**အမိရန်ကုန်တက္ကသိုလ်မြေကနေ မြန်မာစာပေလောကတစ်ခွင်ကို ပြောင်းလဲစေခဲ့တဲ့ ခေတ်စမ်းစာပေရဲ့ စွမ်းဆောင်မှုတွေက တက္ကသီလာဆိုတဲ့အမည်နဲ့ လိုက်ဖက်ပါတယ်။ တွေးခေါ်မြော်မြင်တီထွင်ဖန်တီးမှုတွေ ပေါ်ထွက်ရာနေရာဌာနရဲ့ တာဝန်ကျေပွန်မှုကို ညွှန်းဆိုပါတယ်။ ခေတ်စမ်းစာပေရဲ့ ကဗျာကဏ္ဍတစ်ခုနဲ့တင် စာဆိုတွေရဲ့ ခွန်အား စွမ်းပကားပမာဏကို မှန်းဆလို့ရနိုင်။**

✪ စာမျက်နှာ ၁၈ မှ

**"ဆန်းစခါနွေ သာတပေါင်းမို့ ညှာညောင်းကြွေ ပြေပြေရောရ မြအသွေးရွှေရေးလုလို့ ရတုအညီ မြေသို့သက်တဲ့ ရော်ရွက်ရီကို ပလီပလာ တီတာတာ သည်ခါ ခလေ့ နွေအကူး လေရူးဖေ့တော့ ကွေ့ကွေ့ဝန်းဝိုက် ရွှေကြောင်ဘားမြီးဖျားလိုက်သို့ မြိုင်တိုက်စုံယံ ရွက်ဟောင်းပျံသော် ရွှေခြံဂါမ ကျွန့်ဌာနကို မှန်းဆလို့ တွေး မိဘနှစ်ပါး ဆွေအများကို လွမ်းအားနှင့်ဆွေးမိပေ့။"**

နွေဦးရဲ့အလှကို ရေးမှုဟန်မပျက် ဖွဲ့စပ်တာက ဆန်းသစ်တယ်လို့ မဆိုနိုင်ပေမယ့် **"ရွှေကြောင်ဘားမြီးဖျားလိုက်သို့"**ဆိုပြီး မြင်ကွင်းပြ ဥပမာစကားကြောင့် နှစ်သက်ဖွယ်ဖြစ်လာပါတယ်။

**"တရားဦးဟောလှဲ့ပါ"** ဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ ရတက်မအေးသံတွေဟာ စာဆိုရဲ့ ခံစားချက်ကို ကိုယ်စားပြုခဲ့လေသလားလို့ အတွေးပွားမိအောင် စွမ်းဆောင်ခဲ့ပါတယ်။

**"ကာမဘောင် ရှုပ်အထွေးကိုလ ပျိုလေးမယ်မခင်လို့ ရုန်းချင်ပြီ ဆုပန်ကြားသူရဲ့ တားမြစ်ဖို့ ခွင့်မသာ၊ နှစ်ကိုယ်တွဲကာပ သည်ဝဲသံသရာက သောင်ခေမာ ဟိုတစ်ဖက်ဆီသို့ ဖောင်မဂ္ဂင် ဆင်ကာကူးမယ်လို့ ဆုထူးကို ပန်ညီသော်လဲ့ ပါရမီ မောင်မရင့်တာမို့ သွားနှင့်သက်လျာ"**တဲ့။ ကာမဘောင် အရှုပ်အထွေးနဲ့ ဝေးတဲ့ တခြားဘဝကို ထွက်သွားချင်တဲ့အကြောင်း ပြောလာတဲ့ ချစ်သူရဲ့စကားကိုကြားပြီး အားမလိုအားမရ မချင့်မရဲ ဖြစ်နေတဲ့ လုလင်ပျိုတစ်ဦးရဲ့အသံကို ကြားလိုက်ရလို့ ဖြစ်ပါတယ်။

**"ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းထွက်မယ်။ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်"**ဆိုတဲ့ ကလေးကဗျာကလည်း မောင်ဝန်စပ်ဆိုခဲ့တဲ့ ကဗျာဟာ မြန်မာစာပေအတွက် အင်မတန်လိုအပ်တဲ့ ကလေးကဗျာကဏ္ဍကို ဦးဆောင်လမ်းပြခဲ့ပါလားလို့ ကြည်ညိုမိပါတယ်။

ကလောင်ရှင် မောင်တိုးအောင်ဖွဲ့ခဲ့တဲ့ **"ရွှေကြက်တူ"** ကဗျာကတော့ ကျေးစေမောင်ဘွဲ့ မယ်ဘွဲ့တွေကို အမှတ်ရစေပါတယ်။

**"စိမ်းဖပ်ဖပ်လူ-ရွှေကြက်တူ၊ ဝေဠုရိယကျောက်ညို မြသို့၊ ရူပနိကာယ် လွန်တင့်တယ်လျှင်၊ တစ်ပင်ပျံကူး ပျော်ရွှင်မြူး၍၊ ပွင့်ဖူးစုံထွေ သီးမှည့်ချွေကာ၊ ဆွတ်လေ စားသုံး ဤမြိုင်လုံး၌၊ မြကုံးတောင်ပံ ရိုက်ဆော်ဟန်ကား၊ စောင်သံကြူကြူ ရွှေကြက်တူ။"** ကြက်တူရွေးတစ်ကောင်ရဲ့ အရောင်အသွေးနဲ့ အလေ့အထတွေကို သရုပ်ဖော်ထားပါတယ်။

**အတွေးဆန်းသစ်မှုက ဒီကဗျာရဲ့အားသာချက်ဖြစ်**

မခင်စောမူဆိုတဲ့ တစ်ဦးတည်းသော အမျိုးသမီးကလောင်ရှင်ကလည်း **"လိပ်ပြာနဲ့ ကြာကုမုဒ်"** ဆိုတဲ့ ကဗျာကို လေးလုံးစပ်လင်္ကာဟန်နဲ့ ဖွဲ့ဆိုခဲ့တယ်။ အရေးထက် အတွေးဆန်းသစ်မှုက ဒီကဗျာရဲ့ အားသာချက် ဖြစ်ပါတယ်။

**"နေဝင်မောင်ဒိုက်၊ လမိုက်မယ်ငုံ၊ မကြုံအခွင့်၊ ကြင်ရေးဖင့်ခဲ့၊ သို့နှင့်နေရာ၊ တစ်နေ့ခါဝယ်၊ ရွှေကြာပဒုံ၊ တစ်ပွင့်တုံမှ၊ ဝတ်မှုံဆင်သ၊ နတ်မယ်လျှသည်၊ ဝင်းပကိုယ်လျှံ၊ မြူးထွက်စံသော်၊ ဗိမာန်လဝန်း၊ ပေါ်လှာထွန်းဟု၊ ထင်မှန်းမှတ်ကာ၊ ကုမုဒါသည်၊ ငုံရာမှပွင့်၊ သရေတင့်၍၊ စောင့်လင့်လိပ်ပြာ၊ ချစ်သဟာနှင့်၊ မေတ္တာစက်တွင်း၊ နှစ်ကိုယ်ဆင်းသည်၊ နတ်မင်းသူဇာတို့နှယ် တကား။"**

ညအခါမှပွင့်တဲ့ ကုမုဒြာကြာပန်းနဲ့ နေ့ဘက်မှာ အစာရှာရတဲ့ လိပ်ပြာတို့ တွေ့ဆုံခန်းကို ကဗျာရှင်က စိတ်ကူးဉာဏ်ကောင်းကောင်းနဲ့ ဖွဲ့ခဲ့ပါတယ်။ ကုမုဒြာကြာပန်းနဲ့လိပ်ပြာတို့ တွေ့ဆုံဖို့ဆိုတာက အလှမ်းဝေးလွန်းလှပေမယ့် ကဗျာရှင်ရဲ့စိတ်ကူးက ဖတ်ရှုရသူတွေအတွက် မျှော်လင့်ချက်ကို ပေးပါတယ်။ တစ်နေ့မှာ ပဒုမ္မာကြာပန်းထဲက နတ်သမီးတစ်ပါး ထွက်ပေါ်လာတယ်။ နတ်သမီးရဲ့ အရောင်အဝါကို လထွက်ပြီအထင်နဲ့ ဖူးငုံနေတဲ့ ကုမုဒြာကြာပန်းက ပွင့်လိုက်တယ်။ အဲဒီအခါမှာ အသင့်စောင့်နေတဲ့ လိပ်ပြာကလေးနဲ့ ဆုံစည်းခွင့်ရတဲ့ အကြောင်း ဖွဲ့ထားပါတယ်။

**"နေဝင်မောင်ဒိုက် လမိုက်မယ်ငုံ"** ဆိုတဲ့ စကားလုံး ရှစ်လုံးက အခြားစကားလုံးတွေ ဖြည့်စွက်မရ ဖြုတ်မရအောင် တန်ဖိုးကြီးလှပြီး မခင်စောမူက ဘယ်သောအခါမှ မဆုံစည်းနိုင်တဲ့ ချစ်သူနှစ်ဦးကို သူ့ကဗျာထဲမှာ ပေါင်းစပ်ပေးထားခဲ့ပါတယ်။ စာဆိုရဲ့ ဆန်းသစ်တဲ့ အတွေးတစ်ခုကြောင့် မြန်မာစာပေလောကအတွက် စံပြုစရာ ကဗျာတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



| | | |
|---|---|---|
| အမည် | - | ဒေါက်တာညိမ်းညိမ်း၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ |
| အခြားကလောင်အမည် | - | ရှင်ညိမ်းမယ်၊ |
| ရေးသားခဲ့သောစာပေများ | - | ဝတ္ထုတို၊ ဘာသာပြန်ဝတ္ထု၊ ရသစာတမ်း၊ သုတေသနစာတမ်း၊ ကဗျာ၊ ဆောင်းပါးများ၊ |
| မဟာဝိဇ္ဇာကျမ်း | - | ပုဂံခေတ်ဦး မွန်မင်စာများလေ့လာချက်၊ |
| ပါရဂူကျမ်း | - | ဘုရားထောင်ပျူအရိုးအိုးစာလေ့လာချက်၊ |
| အမှုထမ်းခဲ့သည့် တက္ကသိုလ်များ | - | ပညာရေးတက္ကသိုလ်(ရန်ကုန်)၊ ထားဝယ်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ယူနန်မြင်ဆုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ |
| လက်ရှိတာဝန်ထမ်းဆောင်မှုများ | - | ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခ/ဌာနမှူးတာဝန်၊ သင်ရိုးဥက္ကဋ္ဌ (မြန်မာစာဘာသာရပ်)၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ ပျူစာပေသင်တန်း (ပြင်ဦးလွင်စစ်တက္ကသိုလ်) |

ညအခါမှပွင့်တဲ့ ကုမုဒြာကြာပန်းနဲ့ နေ့ဘက်မှာအစာရှာရတဲ့ လိပ်ပြာတို့တွေ့ဆုံခန်းကို ကဗျာရှင်က စိတ်ကူးဉာဏ်ကောင်းကောင်းနဲ့ ဖွဲ့ခဲ့ပါတယ်။ ကုမုဒြာကြာပန်းနဲ့လိပ်ပြာတို့ တွေ့ဆုံဖို့ဆိုတာက အလှမ်းဝေးလွန်းလှပေမယ့် ကဗျာရှင်ရဲ့စိတ်ကူးက ဖတ်ရှုရသူတွေအတွက် မျှော်လင့်ချက်ကို ပေးပါတယ်။ တစ်နေ့မှာ ပဒုမ္မာ ကြာပန်းထဲက နတ်သမီးတစ်ပါး ထွက်ပေါ်လာတယ်။ နတ်သမီးရဲ့ အရောင်အဝါကို လထွက်ပြီအထင်နဲ့ ဖူးငုံနေတဲ့ ကုမုဒြာကြာပန်းက ပွင့်လိုက်တယ်။ အဲဒီအခါမှာ အသင့်စောင့်နေတဲ့ လိပ်ပြာကလေးနဲ့ ဆုံစည်းခွင့်ရတဲ့အကြောင်း ဖွဲ့ထားပါတယ်။

**ဆံထုံးရကန်**

မောင်ဘသောင်းကတော့ တောင်ငူခေတ်စာဆို ရဝေရှင်ထွေးရေးတဲ့ ဆံထုံး ထုံးနည်း ၅၅ မျိုး အန်ချင်းကဗျာကို အတုယူပြီး အဲဒီအချိန်အခါက တက္ကသိုလ်ကျောင်းသူတွေရဲ့ အပြင်အဆင်ကို **"ဆံထုံးရကန်"** နဲ့ ဟာသနှော ရေးဖွဲ့ပါတယ်။ ခေတ်ကို ထင်ဟပ်ပြနိုင်တဲ့ ခေတ်စမ်းရဲ့ ထူးခြားကွက်တစ်ခုပါ။

**"သီကာပတ်ကုံး၊ ပူပုံထုံးဟု၊ ယဉ်ဆုံးတွင်မှတ်၊ ဘီးဆံပတ်၏၊ ထုပွတ်ခြင်းရာ၊ အဖြာဖြာကို၊ ပေလယျာကန်၊ ဝကွက်၍ချန်ပြီးလျှင် ရကန်ဉာဏ် ရကန်ပန်း စာအဆန်းကို ဥဒါန်းဖြစ်အောင်ကြံစို့။**

**အော်လံထုံးနည်း တံမြက်လှည်းပေါင်းချောင် ထို့နောင် အိုးစည် ရန်လည်ပတ်ဝိုက် ရန်တိုင်စိုက်နှင့် ငှက်သိုက်ဖူးတောင်း ဖျာလိပ်ခေါင်း ဒေါက်ချာ သညာတွင်တုံ နွားချေးပုံဟု လုံးစုံထွေပြား ထုံးနည်းများလည်း တသီးတခြားပေါ်သည်တွင်"** ....လို့ ရကန်ဖွဲ့စပ်ဟန်အတိုင်း ရွှင်ရွှင်မြူးမြူး ရေးဖွဲ့ထားပါတယ်။

စောမောင်မောင်ဆိုတဲ့ ကလောင်ရှင်ကတော့ မယ်ဘွဲ့ ပိုဒ်စုံ စကြာရတုကို ရေးဖွဲ့လို့ ဝေးနေသူမယ်ကလေးကို တမ်းတဟန်ဖွဲ့စပ်ပါတယ်။ ရေးမှုမပျက် ရေးဖွဲ့တဲ့ ကဗျာမျိုးပါ။


**"တွေမှိုင်တွေမှိုင်၊ ခွေကာယိုင်၍၊ မေ့နိုင်မေ့နိုင်၊ မောင့်သည်းဆိုင်မှာ၊ နေပြိုင်၍ထွန်း၊ သို့ပူလွန်းခဲ့"**

**"မောင်ကားတရွာ၊ မယ့်မှာတပြည်၊ ဖြစ်ရသည် ကြောင့်"**လို့ ရိုးရိုးကြီးရေးဖွဲ့ပါတယ်။ ဆရာကြီး ဦးဖေမောင်တင်က **"ဒီကဗျာတွေကို ရေးခဲ့တဲ့ တပည့်လူငယ်တို့ဟာ မြေစမ်း၍ ခရမ်းပျိုးနေရသည် ဖြစ်သောကြောင့် မပြေပြစ် မကျစ်လျစ် မသိပ်သည်း မပြည့်စုံသော အဖွဲ့မျိုးကို ဖွဲ့မိပါမူ အပြစ်လွှတ်ရန်သာ ဖြစ်တော့သည်"** လို့ အမိန့်ရှိခဲ့ပါတယ်။ မြေစမ်းခရမ်းပျိုးနေတဲ့ တပည့်တွေကို မြေတောင်မြှောက်ပေးနေတဲ့ ဆရာတစ်ယောက်ရဲ့ တာဝန်ယူတာဝန်ခံမှု ခေါင်းဆောင်နိုင်မှုတွေကို လေးစားဖွယ် တွေ့မြင်ရပါတယ်။ ဒီအကြောင်းကို ဖတ်မိတဲ့အခါ ကျွန်မတို့ဟာ နောက်မျိုးဆက်သစ်ကို ပျိုးထောင်ပေးနိုင်တဲ့ ပန်းပျိုးလက်ပိုင်ရှင်တွေ ဖြစ်ခဲ့ရဲ့လားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့ လိုနေပြီလို့ အတွေးဝင်ခဲ့ပါတယ်။

**စာပေခေတ်တစ်ခေတ်ကို ဆန်းသစ်စေခဲ့**


ဒါ့အပြင် ဆရာကြီးက **"လောကတွင် ကြီးကျယ်ခမ်းနားသော အရာသာ အရေးကြီးသည်မဟုတ်၊ စူးနေရာမှာစူး၊ ဆောက်နေရာမှာဆောက် ဆိုသကဲ့သို့ သေးငယ်သော အရာသည်လည်း သက်ဆိုင်သည့်ဌာနတွင် အရေးကြီး အရာဝင်ပေသည်"** လို့ သူ့ရဲ့ အတွေးအမြင်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဆရာကြီးထွင်ခဲ့တဲ့လမ်းကြောင်းအတိုင်း ဆက်လျှောက်ခဲ့တဲ့ ခေတ်စမ်းကဗျာစာဆို တပည့်သားတွေက စာပေခေတ်တစ်ခေတ်ကို ဆန်းသစ်စေခဲ့ပါတယ်။ ကျွန်မတို့ မြန်မာစာပေမှာ အတွေးသစ် အမြင်သစ်တွေ ပေါက်ဖွားပုံဖော်လာကြပါတယ်။

အမိရန်ကုန်တက္ကသိုလ်မြေကနေ မြန်မာစာပေလောကတစ်ခွင်ကို ပြောင်းလဲစေခဲ့တဲ့ ခေတ်စမ်းစာပေရဲ့ စွမ်းဆောင်မှုတွေက တက္ကသိုလ်ဆိုတဲ့ အမည်နဲ့ လိုက်ဖက်ပါတယ်။ တွေးခေါ်မြော်မြင် တီထွင်ဖန်တီးမှုတွေ ပေါ်ထွက်ရာ နေရာဌာနရဲ့ တာဝန်ကျေပွန်မှုကို ညွှန်းဆိုပါတယ်။ ခေတ်စမ်းစာပေရဲ့ ကဗျာကဏ္ဍတစ်ခုနဲ့တင် စာဆိုတွေရဲ့ ခွန်အား စွမ်းပကားပမာဏကို မှန်းဆလို့ရနိုင်ပါတယ်။ ရှေ့လူတွေ တာဝန်ကျေခဲ့သလို ကျွန်မတို့ ဆက်ပြီး တာဝန်ကျေခဲ့ပါသလား၊ တွေးတောကြံဆ စမ်းသပ်တီထွင် ဖန်တီးရတဲ့ သုတေသန ရပ်ဝန်းမှာ ရပ်တည်နေဖို့ ငါနဲ့ထိုက်တန်ရဲ့လားဆိုတဲ့ မေးခွန်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ရင်း အမိတက္ကသိုလ်မြေကို ဦးညွှတ်လိုက်ပါတယ်။ ။



၈၀ မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း ၆-မခင်စောမူ | ၇၈- |
| ၁ | ဓမ္မတာ | ၇၈ |
| ၂ | ငြိမ့်ငြိမ့် | ၇၉ |
| ၃ | [illegible] | ၈၀ |
| ၄ | လိပ်ပြာနှင့်ကြာကုမုဒ် | ၈၁ |
| ၅ | [illegible] | ၈၂ |
| ၆ | သက်ထားမယ်ကျွန်း ဦးဆောက်ပန်း | ၈၃ |
| | အခန်း ၇-မောင်ဘသောင်း | ၈၄- |
| ၁ | ဆံထုံးရကန် | ၈၄ |
| ၂ | လုံ့လုံ့ဝင်း | ၈၆ |
| ၃ | နှင်းမှုံဝေ | ၈၇ |
| ၄ | ထွမ်းဆေးပတ် | ၈၈ |
| | အခန်း ၈-စောမောင်မောင် | ၈၉- |
| ၁ | မယ်ဘွဲ့ပိုဒ်စုံ ကြောရတု | ၈၉ |
| ၂ | မောင်ဘွဲ့ပိုဒ်စုံ | ၉၂ |
| ၃ | ပိုဒ်စုံမောင်ဘွဲ့ | ၉၄ |
| ၄ | [illegible] | ၉၆ |



၆-မခင်စောမူ ၈၁

၄-လိပ်ပြာနှင့်ကြာကုမုဒ်

[illegible]

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပွင့်ဖြူမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းသစ် ဆောင်ရွက်မည့်အခြေအနေ ကွင်းဆင်းကြည့်ရှု

**ပွင့်ဖြူ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သည် တိုင်းဒေသကြီး/ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ပွင့်ဖြူ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော ပွင့်ဖြူမြို့နယ် မဒဲ(တ)ကျေးရွာနှင့် ကနီကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်မည့် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်မည့်အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အကျိုးပြုအိမ်ခြေ ၊ လူဦးရေနှင့် သီးနှံစိုက်ဧကများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ကုန်ထုတ်လမ်းဖောက်လုပ်မည့်အခြေအနေများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပွင့်ဖြူ မြို့နယ် မဒဲ(တ)-ကနီကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက မဒဲ(တ) ကျေးရွာနှင့် ကနီကျေးရွာ အပါအဝင် ကျေးရွာပေါင်းကိုးရွာမှ အိမ်ခြေ ၁၅၅၁ အိမ်၊ လူဦးရေ ၆၅၉၅ ဦးအတွက် လယ်ယာမြေဧက ၁၈၀၀ အားရာသီမရွေး သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အဆင်ပြေစွာ သွားလာ စိုက်ပျိုးနိုင်မည့်အပြင် သီးနှံစိုက်ခင်းများမှ ထွက်ရှိသော ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာ ဖူလုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြု ပေးနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေး မောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်

**ပဲခူး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသည့် သင်တန်းနှင့်သရုပ်ပြပွဲသုံးပစ္စည်းများ၊ အားကစား အထောက်အကူပြုပစ္စည်းများ၊ လေ့ကျင့်ရေးနှင့်ပြိုင်ပွဲသုံး အားကစားပစ္စည်းများအား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီများနှင့် အားကစား ကလပ်များထံသို့ ထောက်ပံ့ပေးအပ်ခြင်းကို ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး အားကစားခန်းမတွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇၂၂၇၀၀၀၀ ဖြင့် အားကစားပစ္စည်းများ ဝယ်ယူခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးက ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အားကစားနှင့်ကာယပညာကော်မတီများအတွက်အားကစား ပစ္စည်းများကိုလည်းကောင်း၊ ဝန်ကြီးချုပ်က အားကစား ကလပ်များမှ တာဝန်ရှိသူများထံသို့ သင်တန်းနှင့် သရုပ်ပြပွဲသုံးပစ္စည်းများ၊ အားကစား အထောက်အကူပြု ပစ္စည်းများ၊ လေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံးအားကစားပစ္စည်း များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ပဲခူးတိုင်း ဒေသကြီးအားကစားနှင့် ကာယပညာဆပ်ကော်မတီဝင် ဦးဆန်နီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် Zumba Fitness Danceအဖွဲ့နှင့် Physical Fitness Danceအဖွဲ့တို့မှ အားကစားသမားများက သရုပ်ပြကပြကြပြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အားကစားပစ္စည်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဘုရားသုံးဆူ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ စစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၁၃**

ကိုရီးယားသမ္မတနိုင်ငံ (Korea Cultural Heritage Foundation(KCHF) မှ Mr.Kim Dong Min ဦးဆောင်သောအဖွဲ့နှင့် ပုဂံဌာနခွဲမှပူးပေါင်းအဖွဲ့များဖြစ်သည့် အဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ တူးဖော်ရေးလုပ်ငန်းအဖွဲ့နှင့် နံရံဆေးရေးပန်းချီပိုင်း ဆိုင်ရာလုပ်ငန်းအဖွဲ့တို့ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း များဆောင်ရွက်နေသည့် (ဘုရား သုံးဆူ) လုပ်ငန်းခွင်သို့ ပုဂံဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက် ဦးဆောင် သောအဖွဲ့က နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းထံမှ သိရသည်။

ကိုရီးယားပညာရှင် Mr.Kim Dong Min နှင့် အဖွဲ့က KCHF အဖွဲ့နှင့် ပုဂံဌာနခွဲတို့ ပူးပေါင်း၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဘုရားသုံးဆူရှိ ဘုရားအမှတ် ၄၇၈ ၏ ကွမ်းတောင်အထက်ပိုင်းပျက်စီးနေမှုများ အား မှတ်တမ်းများရယူခြင်းနှင့် ပုံဆွဲခြင်း၊ တူးဖော်ရေးလုပ်ငန်း အဖွဲ့၏ ဘုရားအမှတ် ၄၇၇ ၏ အနီးရှိ သစ်ပင်အမြစ်မှ အရှေ့ဘက် ရင်ပြင်ကြမ်းခင်းအောက်သို့ သစ်မြစ်ထိုးဝင်နေမှုအား သစ်မြစ် ဖြတ်တောက်နိုင်ရေးအတွက် ကြမ်းခင်းများ စနစ်တကျ ဖယ်ထုတ်ခြင်း၊ နံရံဆေးရေးပန်းချီပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဘုရားအမှတ် ၄၇၉ ၏ ကွမ်းတောင်ပိုင်းတွင် အင်္ဂတေကြွံခိုင်မှု ဆောင်ရွက်နေခြင်းအခြေအနေတို့ကို ယခင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် ပြန်လည်ချိတ်ဆက်၍ ပုဂံဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့်အဖွဲ့အား ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

## လာကာချောင်းကူး သံကူကွန်ကရစ်တံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ကောလင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ကောလင်း-ဥက္ကံ-ကြို့ပင်-ထိန်အင်း- မိချောင်းအင်းလမ်းပေါ်ရှိ လာကာ ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ သန်း ၄၀၀ ဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး တံတားမှာ အရှည် ပေ ၂၅၀၊ အကျယ်ပေ ၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ ရှိ ကာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည် ဆောက်ရေးအဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်း ပြည့် ပြီးစီးသွားပြီဖြစ်၍ ကောလင်း အနောက်ခြမ်းရှိ လာကာ၊ အိုင်ကြီးဥက္ကံ၊ မိုးနှံ၊ ကြို့ပင် စသည့် အုပ်စု များနှင့် ပင်လည်ဘူးမြို့နယ်ရှိ မိချောင်းအင်းမှ ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်သို့ လည်းကောင်း၊ ထို့ပြင် မူးမြစ်အနောက်ခြမ်းရှိကျွန်းလှမြို့နယ် အုပ်စုများမှ ကောလင်းမြို့နယ် ယင်းတိုက်တံတားမှတစ်ဆင့် လာကာ ချောင်းကူးတံတားသို့ ဖြတ်၍လည်းကောင်း ကောလင်းမြို့နယ်အတွင်းသို့ ရာသီမရွေးသွားလာနိုင် မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

## မိုဘိုင်းဖုန်းအသုံးပြု၍ ပင်စင်လစာများ ထုတ်ယူနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာ့စီးပွားရေးဘဏ်နှင့် Digital Mobile Money (DMM) အပလီကေးရှင်းတို့ ပူးပေါင်းကာ အစိုးရဝန်ထမ်း များ ပင်စင်လစာများကို ဘဏ်များသို့ သွားရောက် ထုတ်ယူစရာမလိုတော့ဘဲ မိမိတို့၏မိုဘိုင်းဖုန်းကို အသုံးပြု၍ ပင်စင်လစာများထုတ်ယူနိုင်တော့မည်ဖြစ် ကြောင်း သိရသည်။

“ဒီစနစ်ကို သန်လျင်မြို့နယ်မှာစတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကီးပတ်ဖုန်း၊ စမတ်ဖုန်းအသုံးပြုလို့ရပါတယ်။ ပင်စင်ထုတ်ချင်ရင် အေးဂျင့်ရှိရာကို သွားပြီးတော့ ဖုန်းနံပါတ်၊ အီးပင်စင်တို့ ပေးရမှာဖြစ်ပါတယ်။ ဖုန်းကနေ SMS ပြန်ပို့တာနဲ့ ပင်စင်လစာကိုထုတ်ယူနိုင်မှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရတာဖြစ်ပါတယ်။ လောလောဆယ် သန်လျင်မြို့နယ်မှာ လူပေါင်း ၄၀၀၀ လောက်ဆောင်ရွက် နေတာဖြစ်ပါတယ်” ဟု DMM မှ စီးပွားရေးဒါရိုက်တာ ဒေါ်ဇာလီထွန်းဦးက ပြောကြားသည်။

လက်ရှိတွင် သန်လျင်မြို့နယ်၌ မိုဘိုင်းဖုန်းအသုံး ပြု၍ ပင်စင်ထုတ်ယူရေးကိုဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဒီဇင်ဘာလအတွင်း နေပြည်တော်၌ မိုဘိုင်းဖုန်း အသုံးပြု၍ပင်စင်လစာထုတ်ပေးရေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေး မြို့တို့၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပင်စင်ထုတ်ယူလိုသော အငြိမ်းစားဝန်ထမ်းများအနေ ဖြင့် ပထမဦးစွာ Google Play Store/App Store မှတစ်ဆင့် DMM Wallet ကို Download ပြုလုပ်ရမည် ဖြစ်ကြောင်း၊ ယင်းအပလီကေးရှင်းကိုအသုံးပြု၍ ငွေလွှဲ၊ ငွေသွင်း၊ငွေထုတ်လုပ်ငန်းများကိုလည်းဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းဘဏ်များအား Mobile Banking ၊ Internet Banking တို့ကို ခွင့်ပြုခဲ့ချိန်မှစ၍ ပြည်တွင်းဘဏ်များက ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို အပြိုင်အဆိုင်ကြိုးပမ်းခဲ့ ကြကြောင်း၊ ယခုအခါ မိုဘိုင်းဖုန်းအသုံးပြု၍ မြို့ပြ များသာမက ကျေးလက်ဒေသများအရောက် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စွာတိုးတက်လျက် ရှိကြောင်း သိရသည်။

**မြင့်မောင်**

# ပွင့်ဖြူမြို့နယ်၌ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးစိုက်ပျိုးသူများ ဖြစ်ထွန်းအောင်မြင်၍ မိသားစု အပိုဝင်ငွေရရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဥယျာဉ်ခြံမြေများနှင့် နေအိမ်ဝိုင်းအတွင်း မြေကွက်လပ်များတွင် တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများ ဖြစ်ထွန်းအောင်မြင်ပြီးမိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်မှ တစ်ပိုင်တစ်နိုင် နဂါးမောက်သီး နှံစိုက်ပျိုးသူများထံမှ သိရသည်။

နဂါးမောက်သီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံဖြစ်သည့်အတွက် ပြည်သူများက အကြိုက်တွေ့ ဝယ်ယူစားသုံးကြကြောင်း၊ ရာသီဥတုစိုစွတ်အေးမြသော နေရာတွင်သာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း ၊ စိုက်ပျိုးပြီးတစ်နှစ်အကြာတွင် ရောင်းတန်းဝင် နဂါးမောက်သီးများကို စတင်ဆွတ်ခူးရောင်းချရကြောင်းနှင့် တစ်နှစ်လျှင် ငါးကြိမ်ခန့် အသီးများလှိုင်လှိုင်သီးကြောင်း၊ ဈေးနှုန်းအနေဖြင့် အလုံးအကြီး ၊ အသေးပေါ် မူတည်ပြီးအလုံးကြီးပါက တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းရောင်းချရပြီး အလုံးသေးပါက သုံးလုံးငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရကြောင်း တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးပါက မိသားစုဝင်ငွေတိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက် စိုက်ပျိုးရပြီး တစ်ပင်နှင့် တစ်ပင် အနည်းဆုံး ခြောက်ပေအကွာစိုက်ပျိုးလေ့ရှိကြောင်း၊ အသီးအပွင့်များစတင်ထွက်ရှိလာပါက စင်များပြုလုပ်ပေးရကြောင်း ၊ နဂါးမောက်သီးနှံတွင် အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိပြီး နဂါးမောက်အဖြူသီးမှာပိုပြီး ချို၍ အရသာရှိကြောင်းနှင့် အနီသီးမှာဆေးဖက်ဝင်ပြီး မှီဝဲစားသုံးပါက အစာချေဖျက်အားကောင်းပြီးဆီး ၊ ဝမ်းမှန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုရောဂါရှိသူများစားသုံးပါက ကျန်းမာရေးကောင်းမွန်စေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**





# ဂန့်ဂေါ၌ ဟင်းသီးဟင်းရွက်များကို မှုန်ဝါးစနစ်ဖြင့် ရေသွင်းစိုက်ပျိုး

**ဂန့်ဂေါ နိုဝင်ဘာ ၁၃**

ဂန့်ဂေါမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်များကို ရေချွေတာသည့် စိုက်ပျိုးနည်းစနစ်ဖြစ်သည့် မှုန်ဝါးစနစ် (Sprinkler Irrigation) ဖြင့် ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြောင်းလဲလာသောရာသီဥတုနှင့်အညီ ရေချွေတာသည့် စိုက်ပျိုးနည်းစနစ်များ အသုံးပြုစိုက်ပျိုးရန် လိုအပ်လျက်ရှိရာ ဂန့်ဂေါမြို့နယ်အတွင်း ဇာဟောကျေးရွာ၊ လာပို့ကျေးရွာ၊ တောင်ယာပြင်ကျေးရွာ အပါအဝင် ကျေးရွာအချို့၌ ဆောင်းရာသီနှင့် နွေရာသီတို့တွင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ မုန်လာ၊ နံနံ၊ တိုင်လွတ်ပဲ၊ သခွားစသည့် ဟင်းသီးဟင်းရွက်များကို မှုန်ဝါးစနစ်ဖြင့် ရေချွေတာစိုက်ပျိုးလာလျက်ရှိကြောင်း၊ ထို့ပြင် စိုက်ခင်းများအနီး မိုးရေစုကန်များတူးကာ မိုးရေစုဆောင်းပြီး မိုးပြတ်ချိန် အကူဖြည့်စွက် ရေပေးသွင်းသည့်စနစ်ကိုလည်း ကျင့်သုံးကြကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက် ဦးစီးမှူး ဦးသူရဇော်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၁ ရက်က တောင်ယာပြင်ကျေးရွာရှိ မှုန်ဝါးစနစ်ဖြင့် ရေသွင်းစိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့ ကွင်းဆင်းကာ ပိုးမွှားရောဂါကျရောက်မှု ကင်းထောက်စစ်ဆေးခြင်း၊ ရေချွေတာသည့် စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ တောင်သူများနှင့် တွေ့ဆုံကာ ပိုမိုတိုးချဲ့အသုံးပြုလာရေး ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိန်ကျော်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ငွေကျပ် ၅၂ ဘီလီယံထုတ်ချေးပေးသွားမည်

**မုံရွာ နိုဝင်ဘာ ၁၃**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှမ်းစပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံနှင့် စားဖိုဆောင်သီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး မြို့နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ စုစုပေါင်းငွေကျပ် ၅၂ ဘီလီယံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးမျိုးမြင့်ဦးထံမှ သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမည့် ဆောင်းသီးနှံစုံ ၄၈၇၄၅၈ဧကအတွက် ချေးငွေများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ၁၀ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ အကုန်အထိ သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၄ မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် တောင်သူ ၃၂၀၃၃၇ ဦးတို့၏ စပါး ၁၂၁၆၃၄၂ ဧက၊ အခြားသီးနှံ ၅၇၁၁၅၇ဧကတို့အတွက် စုစုပေါင်းချေးငွေ ၂၃၉ ဒသမ ၅၆ဘီလီယံကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း စိုက်ပျိုးရေးတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစေရန် အထူးချေးငွေအဖြစ် တောင်သူ ၃၁၄၉၀၂ ဦးတို့၏ စိုက်ဧက၁၇၉၆၈၆၉ဧကအတွက် စုစုပေါင်းကျပ်၈၉ ဒသမ၈၄ဘီလီယံ ထုတ်ချေးပေးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဘောဂလိမြို့၌ ကွမ်းသီးရာသီချိန်ရောက်ရှိလာ၍ ကွမ်းသီးများ စတင်ဆွတ်ခူး

**ဘောဂလိ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိဒေသထွက် သီးနှံတစ်ခုဖြစ်သော ကွမ်းသီးများပေါ်ချိန်သို့ရောက်ရှိလာ၍ ဒေသခံများစတင်ခူးယူပြီးဈေးကွက်သို့ ရောင်းချနေပြီဖြစ်သည်။

ကွမ်းသီးများသည် ဘောဂလိမြို့၏ အဓိကဒေသထွက် သီးနှံတစ်ခုဖြစ်ပြီး ကွမ်းသီးအစိုနှင့် ကွမ်းသီးအခြောက်ဟူ၍ နှစ်မျိုးရောင်းချကြကြောင်း၊ ဘောဂလိမြို့တွင်အများအားဖြင့် ကွမ်းသီးအစိုရောင်းချခြင်း အနည်းငယ်သာရှိ၍ ကွမ်းသီးအခြောက်အားဈေးကွက်တွင် ပြောင်ကြီးနှင့် ပြောင်နီဟူ၍ တွင်ကျယ်စွာ ရောင်းချကြောင်း သိရသည်။

ကွမ်းသီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်ရှိပြီး ပြောင်ကြီးအခြောက်တစ်ပိဿာလျှင်ကျပ် ၁၀၀၀၀၊ ပြောင်နီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့်ရှိကြောင်း၊ ဘောဂလိဒေသတွင် ကွမ်းသီးခြံစိုက်ဧက ၂၁၇၆ ဧကရှိကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ် စတင်ထုတ်ချေး

**ကျောက်တံခါး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၀ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းမှစတင်၍ ကျောက်တံခါးမြို့ အားကစားခန်းမ၌ တောင်သူများအား ထုတ်ချေးပေးခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင် ကျေးရွာအုပ်စု ၅၄ အုပ်စု တောင်သူ ၁၄၃၂၅ ဦးအား ဆောင်းသီးနှံပဲမျိုးစုံ ၉၂၃၇၆ ဧကအတွက် တစ်ဧကတစ်သိန်းကျပ်နှုန်းဖြင့် ချေးငွေပမာဏ ၉၂၃၇၆သိန်းထုတ်ချေးရန်လျာထားခဲ့ရာ ယနေ့တွင် ဖဒိုမြို့ ငါးရပ်ကွက်မှ တောင်သူ ၁၀၇ ဦးအား စိုက်ဧက ၇၅၅ ဧကအတွက် ချေးငွေပေါင်း ၇၅၅ သိန်း ထုတ်ချေးပေးခဲ့သည်။

ဆောင်းရာသီစိုက်ပျိုးချေးငွေများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ငွေထုတ်ချေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းရာသီသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းရာသီ သီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နိုဝင်ဘာ ၁၀ ရက်မှ စတင်၍ အဆိုပါရုံးတွင် ထုတ်ချေးပေးနေကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု၁၆အုပ်စုရှိ တောင်သူ၁၇၀၀တို့အား ဆောင်းရာသီ သီးနှံအတွက် စုစုပေါင်းချေးငွေသိန်း၇၀၀၀ ထုတ်ချေးရန်လျာထားခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင် မြောက်တောကျေးရွာရှိ တောင်သူ ၆၀တို့၏ ကုလားပဲ ၁၄၇ ဧကနှင့် နေကြာ ၄၇ ဧကတို့အတွက် ချေးငွေ ၁၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးဝင်းဋ္ဌေးဦးက ပြောကြားသည်။

**နေအောင်(ပြန်/ဆက်)**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား မြို့နယ်အသီးသီး၌ ထောက်ပံ့ငွေများ ပေးအပ်

**ဘုတလင်။** ။ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်ကပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟံထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများက နိုဝင်ဘာ ၁၃ ရက်တွင် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၇၈၁၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ စီကို အိမ်ထောင်စုဝင်များလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**



**ချီဖွေ။** ။ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို နိုဝင်ဘာ၁၂ ရက်က ချီဖွေမြို့ပေါ် ရစ်လောခေါင်ရပ်ကွက်အုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ အခြေခံလူတန်းစားအိမ်ထောင်စု ၈၈စုအတွက်တစ်အိမ်ထောင်လျှင်ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၇၆၀၀၀၀ အား ရပ်/ကျေးစာရေးနှင့် အုပ်ချုပ်ရေးမှူးတို့က ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ချီဖွေမြို့နယ်အတွင်းရှိမြို့ပေါ် သုံးရပ်ကွက်၊ ပန်ဝါမြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု၂၉ အုပ်စုတို့ရှိအိမ်ထောင်စုပေါင်း၂၂၄၁ စုအတွက် တစ်အိမ်ထောင်ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄၈၂၀၀၀၀ အား သက်ဆိုင်ရာရပ်ကျေးစာရေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အညီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေထံမှ သိရသည်။

**နန်းမြင့်(ပြန်/ဆက်)**

**ကရသူရီ။** ။ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စတုတ္ထအကြိမ်ငွေကျပ် ၂၀၀၀၀ ကို နိုဝင်ဘာ ၁၂ ရက်က ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။ နိုင်ငံတော်မှကိုဗစ်-၁၉ ရောဂါကာလအတွင်းစီးပွားရေး သက်သာချောင်ချိစေရေးအတွက် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ရာတွင် တိကျမှန်ကန်စေရေးနှင့် ပြည်သူများ လက်ဝယ်ရောက်ရှိစေရေး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြို့အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက ကြီးကြပ်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကရသူရီမြို့တွင် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စုသုံးအုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၆၁၉ စုရှိကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း။** ။ လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း စားဝတ်နေရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇင်မင်းဌေးနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့်နီးစပ်ရာကျေးရွာများသို့ အဖွဲ့ခွဲ၍ထောက်ပံ့ငွေကြေးများကို အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ကြသည်။ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်၂၀၀၀၀နှုန်းဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ မြို့ပေါ် ၁၃ ရပ်ကွက်ရှိ အိမ်ထောင်စု ၂၉၂၂၄စုအတွက် စုစုပေါင်း ငွေကျပ် ၅၈၄၄၈၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီတာအောင်(ပြန်/ဆက်)**

**ကျောက်တန်း။** ။ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ကျောက်တန်းမြို့နယ်၌ ရပ်ကွက်ကျေးရွာ ၅၈ အုပ်စုရှိပြီး ယခင်ထောက်ပံ့မှုရရှိသူ အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၅၉၈ စုနှင့် ယခုထပ်တိုးအိမ်ထောင်စု ၇၆၇၄ စု စုစုပေါင်းအိမ်ထောင်စု ၃၄၂၇၂ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

**ဇလွန်။** ။ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရကထောက်ပံ့ငွေများကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာ အုပ်စု ၇၁ အုပ်စုရှိ အိမ်ထောင်စု ၂၀၆၃၅ စု အတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၄၁၂ ၇၀၀,၀၀၀ ကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။ **ဝေယံ(ပြန်/ဆက်)**

**လှိုင်းဘွဲ။** ။ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်မှပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၉၉ စုတို့ကို တစ်အိမ်ထောင်စုလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဟိုပုံး။** ။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်မှ တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် နိုဝင်ဘာ ၁၁ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ထွေးနှင့် တာဝန်ရှိသူများက မြို့ပေါ်ခြောက်ရပ်ကွက်နှင့် နောင်ဒေးကျေးရွာအုပ်စု၊ ဆနင်းကျေးရွာအုပ်စု၊ မောက်မွန်းကျေးရွာအုပ်စု၊ ကုန်းကျိုင်းကျေးရွာအုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု၁၇၆၄စု အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၅၂၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများတွင်လည်း ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း(ပြန်/ဆက်)**

**လင်းခေး။** ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကို လင်းခေးမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုဝင်ဘာ ၁၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့်အတူ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။ လင်းခေးမြို့နယ်တွင် ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု၁၁အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၆၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**မလှိုင်။** ။ နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်စာရေးများထံပေးအပ်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် အိမ် ထောင်စုများသို့ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည် ။ မလှိုင်မြို့နယ်ရှိ ရပ်ကွက် / ကျေးရွာအုပ်စု ၅၆ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားအိမ်ထောင်စု ၂၀၅၀၀ ကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ်သိန်း ၄၁၀၀ ကို စတုတ္ထအကြိမ် ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည် ။

**အောင်ဌေး(မလှိုင်)**

**မိုင်းဖြတ်။** ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ပုံမှန် ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်မှထောက်ပံ့သည့် ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများထံ ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းတို့ကမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၆၈၈ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

**ညောင်လေးပင်။** ။ ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။ ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၁ အုပ်စုရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၆၃၂၅ စု၊ ထပ်တိုးအိမ်ထောင်စု ၇၈၀၇ စု စုစုပေါင်း ၂၄၁၃၂ စုကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ ၄၈၂၆၄၀၀၀၀ ကျပ်ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ထားပြီးဖြစ်ကာ စနစ်တကျ စိစစ်ထောက်ပံ့ပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ **သက်လွင် (ညောင်လေးပင်)**

**မြဝတီ။** ။ ကိုဗစ်-၁၉ဖြစ်ပွားနေသည့်ကာလအတွင်းပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအတွက် တစ်အိမ်ထောင်စုလျှင်ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်အစိုးရမှထောက်ပံ့ပေးလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့တွင် အိမ်ထောင်စု ၅၄၂၆၈ စုအား စတုတ္ထအကြိမ်အဖြစ် ထပ်မံထောက်ပံ့ပေးလျက်ရှိသည်။ မြဝတီမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၈ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ အခမ်းအနားဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့မှတစ်ဆင့်ဆယ်အိမ်မှူး၊ ရာအိမ်မှူးများထံသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ပြည်သူများလက်ဝယ်အရောက် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ မြဝတီမြို့တွင် အိမ်ထောင်စု ၅၄၂၆၈စုအတွက် ငွေကျပ် ၁၀၈၅၃၆၀၀၀၀ အား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**မိုးနဲ။** ။ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအား စတုတ္ထအကြိမ်ထောက်ပံ့ငွေများကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ မိုက်ဟိုင်းကျေးရွာအုပ်စုနှင့် ဝမ်ပောကျေးရွာအုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းစီကို အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (ပြန်/ဆက်)**



# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း နိုဝင်ဘာ ၁၃**

နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၅၅ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း အလုပ်သမား ၁၉၆ ဦး ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် မြန်မာနိုင်ငံကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြကြောင်း သိရသည်။

**ပြန်လည်ဝင်ရောက်လာ**

အဆိုပါ မြန်မာအလုပ်သမားများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပိတ်မိနေသူများနှင့် ပြည်ပတွင်အရေးယူခံနေခဲ့ရသူများဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုနှင့် ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်း ရှိ၊ မရှိ မြန်မာနိုင်ငံသား မဟုတ်သူများပါဝင်လာခြင်း ရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။



ပြန်လည်ဝင်ရောက်လာသူများထဲရှိ ကော့သောင်းဒေသခံများကို ကော့သောင်းမြို့ရှိ စောင့်ကြည့်ရေးစခန်းများ၌ ၁၄ရက် အသွားအလာကန့်သတ်ထားရှိစောင့်ကြည့်ပြီး Swab နမူနာများကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ပြီး အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှသူတွေကို မိမိတို့နေထိုင်ရာ မြို့နယ်အသီးသီးသို့ ချက်ချင်းပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်များ၌ စောင့်ကြည့်ရေးစခန်း ၁၄ ရက်နှင့် နေအိမ်တွင်အသွားအလာကန့်သတ်မှု (၇)ရက် ဆက်လက်စောင့်ကြည့်မှုခံယူပြီး Swab နမူနာများကို ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## လက်ကျူးသိ ဦးညွတ်ချီ

* ရောဂါကပ်မျိုး၊ အခြေဆိုးလည်း
ကိုယ်ကျိုးမငဲ့၊ မစောင်းငဲ့ဘဲ
ထမ်းခဲ့ဝန်တာ၊ ကျေပွန်စွာတည့်။

* သွားရေးစားရေး၊ အနေဝေးလည်း
မနေးချီတက်၊ အောင်ပွဲရက်ကို
မပျက်ချိန်မီ၊ လှမ်းခဲ့ပြီတည်း။

* လုပ်ထုံးနည်းကျ၊ တူညီမျှ၍
ချိန်ဆညာဏ်ယှဉ်၊ ပန်းတိုင်ဝင်အောင်
ဖြူစင်ရိုးသား၊ စွမ်းပကားဖြင့်
လုပ်အားအလှူစွမ်းရည်ပြတည့်။

* နိုင်ငံရှေ့ရေး၊ ဆုံးဖြတ်ပေးမည့်
ရွေးကောက်ပွဲတွင်၊ သမိုင်းဝင်သည့်
ဂုဏ်အင်ညီညာမြတ်ဆရာကို
လက်ကျူးသိ၊ ဦးညွတ်ချီသည်
ချစ်ကြည်မြတ်နိုးဖွယ်တကား။ ။

မင်းစောဆိုင်(ပေါင်း၀)

# မော်လမြိုင်မြို့၌ ငါး၊ ပုစွန် အဝယ်ဒိုင်များသို့ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် နိုဝင်ဘာ ၁၃**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများသည် ယမန်နေ့က မော်လမြိုင်မြို့ ရတနာထွန်းဈေးရှိ ငါး၊ ပုစွန်အဝယ်ဒိုင်များ၏ ရေထွက်ပစ္စည်းများ ရောင်းဝယ်စုဆောင်းနေမှု အခြေအနေနှင့် ငါး၊ ပုစွန်များ တင်ပို့မှုများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းသူ ၁၈ ဦးက ရေချိုငါး၊ ရေငန်ငါး၊ ရေချိုပုစွန်၊ ရေငန်ပုစွန်ရောင်း၊ ဝယ်၊ စုဆောင်းခွင့်လိုင်စင် ၅၈ စောင်ကို ရယူထားပြီး ကျန်ရှိသော အဝယ်ဒိုင်များမှ ထပ်မံလိုင်စင်လျှောက်ထားရေး၊ ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ပါက သက်ဆိုင်ရာငါးဦးစီးရုံးများတွင် မျှောစာများထုတ်ယူရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တီးတိန်မြို့ အဝင်/အထွက်ဂိတ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မပြတ် ဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၁၃**

ချင်းပြည်နယ် တီးတိန်မြို့ အဝင်/အထွက် သုံးနေရာဖြစ်သည့် တီးတိန်-ကလေးကားလမ်း၊ တီးတိန်-ရိဒ်ကားလမ်းနှင့် တီးတိန်-တွန်းဇံကားလမ်း အဝင်/အထွက်ဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးကို နေ့စဉ်အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရီးသွားပြည်သူများ၊ လမ်းသွားလမ်းလာများအား ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန် အသိပညာပေးခြင်း၊ မြို့နယ်ခြားမှဝင်လာသည့် ခရီးသွားများအား အပူချိန်တိုင်းပေးခြင်း၊ ခရီးသွားထောက်ခံစာပါ၊ မပါစစ်ဆေးခြင်း၊ ခရီးသွားမှတ်တမ်းရယူခြင်းနှင့် ကုန်တင်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ကျန်းမာရေးထောက်ခံချက် ပါ၊ မပါ စစ်ဆေးခြင်းများဆောင်ရွက်သည်။

အဆိုပါစစ်ဆေးရေးဂိတ်များတွင် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)



# ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မီးလောင်ချောင်း မြစိမ်းရောင်စီမံကိန်းအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းကာလ လေးနှစ် ပြည့်မြောက်ခဲ့ပြီး အတိုးရငွေကျပ် ၁၃၉ သိန်းရခဲ့သည်။ အဆိုပါ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၆၉ သိန်းနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၃၂ ဒသမ ၉၉ သိန်း စုစုပေါင်း ငွေကျပ် ၁၀၁ ဒသမ ၉၉ သိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ကျေးရွာမီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးအေးဇော်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစောဖွန်စမိုက်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာမီးလင်းရေးကော်မတီ၊ မြစိမ်းရောင်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နမ္မတူမြို့နယ် ကြူဆော့ IDP စခန်းရှိ တိုက်ပွဲရှောင်ပြည်သူ ကလေးငယ်များအား ပုံပြင်ပြောခြင်းနှင့် စာအုပ်စာစောင်များ ငှားရမ်းခြင်း ဆောင်ရွက်ပေးလျက်ရှိ

**နမ္မတူ နိုဝင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နမ္မတူမြို့နယ်ရုံးမှ နမ္မတူမြို့နယ် ကြူဆော့ IDP စခန်းရှိ တိုက်ပွဲရှောင် ပြည်သူ ကလေးငယ်များအား ပုံပြင်ပြောခြင်းနှင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကြူဆော့ IDP စခန်းခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။



**စာအုပ်စာစောင်များ ငှားရမ်းပေး**

ထိုသို့ ပုံပြင်ပြောခြင်းနှင့် စာအုပ်စာစောင်များငှားရမ်းပေးခြင်းကို IDP စခန်းရှိ တိုက်ပွဲရှောင် ပြည်သူကလေးငယ်များအား အားလပ်သည့်အချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရရှိပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ စာပေဖတ်ရှုခြင်းဖြင့် စာအုပ်ထဲတွင်ပါရှိသည့် အသိပညာဗဟုသုတများကိုရရှိကာ စဉ်းစားတွေးတောတတ်စေရေး ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်ချစ်ချစ်ပိုင်က ဇာတ်လမ်းကျော်မြင့်(မြောင်းမြ)နှင့် သရုပ်ဖော် ဝင်းဖေ(အဖျောက်)၏ ပလတ်စတစ်အိတ်ကလေး၏ခရီးစဉ် စာအုပ်ဖြင့် ပုံပြင်ပြောဆောင်ရွက်ပေးခဲ့ပြီး စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပုံပြင်ပြောခြင်းနှင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်း ကဏ္ဍများကို မကြာခဏ သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ဇာထွန်းထံမှ သိရသည်။

လူမော်(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စုများအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေပေးအပ်

**ကျွန်းလှ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ပဉ္စမအကြိမ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက်ပေးအပ်ကြောင်း သိရသည်။

နိုင်ငံတော်မှ ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများကို ပထမအကြိမ်စားသောက်ကုန်ပစ္စည်းငါးမျိုး၊ ဒုတိယအကြိမ် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ တတိယနှင့် စတုတ္ထအကြိမ်တွင် တစ်အိမ်ထောင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ယခုပဉ္စမအကြိမ်တွင် တစ်အိမ်ထောင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၃၃၇၄ စုအတွက် စုစုပေါင်းငွေကျပ် ၂၆၇၄၈၀၀၀၀ ထောက်ပံ့ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူတို့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ကျေးရွာအရောက် ဆက်လက်ပေးအပ်

**ဆီဆိုင် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားသောက်ရေး အဆင်ပြေစေရေး အတွက် နိုင်ငံတော်မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ပေးလျက်ရှိရာ ယနေ့ ပင်စုံကျေးရွာအုပ်စုနှင့် တဘက်ကျေးရွာ အုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများထံသို့ ကျေးရွာအရောက် ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်ခဲ့သည်။



ထောက်ပံ့ငွေ ပေးအပ်ရာတွင် တာဝန်ခွဲဝေ ပေးအပ်ထားရှိသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့က ပင်စုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၀၀၊ လူဦးရေ ၁၇၉၀ ကိုလည်းကောင်း၊ တဘက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၅ ရွာမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၂ စု၊ လူဦးရေ ၁၁၃၀ ခန့်တို့အတွက် အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်အတွင်း ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၇၈၄ စု၊ လူဦးရေ ၁၆၁၃၀ ခန့်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ခွန်ရဲထွေး(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သော ထောက်ပံ့ငွေများပေးအပ်ခြင်းကို နိုဝင်ဘာ ၁၁ ရက် ည ၈ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ (၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား အသီးသီးပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက အင်းစိန်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၅၂၃၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၀၉၃၃၆၀၀၀၀ ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်ဌာနဆိုင်ရာများက ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့်အတူ တာဝန်ရှိသူများက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ နေထိုင်ရာရပ်ကွက်များအလိုက် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ခရမ်းမြို့နယ်၌ အခြေခံပြည်သူများအား ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်ပေးအပ်

**ခရမ်း နိုဝင်ဘာ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ကိုဗစ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံပြည်သူများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများပေးအပ်ခြင်းကို နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းက မြို့နယ်ဌာန ဆိုင်ရာများမှ ကြီးကြပ်၍ ပေးဝေနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများသို့ ထုတ်ဝေပေးခဲ့ကြောင်း သိရသည်။

ခရမ်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၅၃ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသည့်အခြေခံပြည်သူ အိမ်ထောင်စု ၂၉၃၀၁ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁၇၂၀၄၀၀၀၀ အား ခရမ်းမြို့နယ် ဌာနဆိုင်ရာများမှကြီးကြပ်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်မှစတင်၍ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်လျက်ရှိကြောင်း သိရသည်။

ကိုမင်း(ခရမ်း)



# နာဂဒေသ လေရှီးမြို့၌ ၄ ဖာလုံကျော်ရှည်သည့် ကွန်ကရစ်လမ်း ခင်းလျက်ရှိ

**လေရှီး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ လေရှီးမြို့၌ ၄ ဖာလုံကျော်ရှည်သည့် ကွန်ကရစ်လမ်းကို နိုဝင်ဘာလကုန် အပြီး ခင်းလျက်ရှိကြောင်း လေရှီးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးလာပဲထံမှ သိရသည်။

"လေရှီးမြို့နယ်စည်ပင်သာယာအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေကျပ် ၁၃၈ သန်းနဲ့ တင်ဒါအောင်တဲ့ အောင်လံညီနောင်ကုမ္ပဏီက ကွန်ကရစ်လမ်းခင်းနေတာပါ။ အရှည်က ပေ ၂၇၂၀ (လေးဖာလုံကျော်) အကျယ် ၁၂ ပေ၊ ကွန်ကရစ်ဒုက ကိုးပေရှိပါတယ်"ဟု ဦးလာပဲက ပြောသည်။

ကွန်ကရစ်လမ်းကို လေရှီးမြို့ တောင်ဇလပ်လမ်း တစ်ဖြတ်နှင့် မြို့ပတ်လမ်းတစ်ဖြတ်ခင်းခြင်းဖြစ်ပြီး လေရှီး မြို့နယ် စည်ပင်သာယာအနေဖြင့် စတုတ္ထမြောက် ကွန်ကရစ်လမ်းခင်းခြင်းဖြစ်သည်။

"လမ်းစလုပ်တာ စက်တင်ဘာလဆန်းကပါ။ နိုဝင်ဘာ လကုန်မှာပြီးပါမယ်။ လမ်းစခင်းတာ မိုးရာသီဖြစ်ပြီး မိုးက လည်းများတဲ့အတွက် လုပ်ရတာ အခက်အခဲတွေရှိခဲ့ပါ တယ်။ လုပ်ငန်းလုပ်ဖို့ ပစ္စည်းတွေချထားလိုက်၊ မိုးရွာလို့ ပါသွားလိုက် စတဲ့အခက်အခဲတွေဖြစ်တာပေါ့။ အခုမိုးကုန် သွားပြီဆိုတော့ လုပ်ရတာအဆင်ပြေနေပါပြီ။ ပစ္စည်းချဖို့ ကားအဝင်အထွက်လည်းခက်တယ်။ မြေပြန့်လို ကားကွေ့ လို့ ပြန်လှည့်လို့မရတာကများတယ်"ဟု ဦးလာပဲက ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေရှီးမြို့နယ်အတွင်း ကွန်ကရစ်လမ်း နှစ်လမ်း ဆောင်ရွက်ခဲ့ရာ ပေ ၉၉၀ အရှည်၊ ၁၂ ပေ အကျယ်၊ ကိုးလက်မဒုရှိ ကွန်ကရစ်လမ်းနှင့် ယခု ခင်းသည့်လမ်းများကို ဆောင်ရွက်ခဲ့သည်။ ဘဏ္ဍာနှစ် တစ်နှစ်တည်းတွင် နာဂဒေသတောင်ပေါ်မြို့၌ တိုင်းဒေသ ကြီး အစိုးရနှင့် တိုင်းဒေသကြီး စည်ပင်၏ အထောက်အပံ့ များရယူ၍ လုပ်ငန်းလည်ပတ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိသော မြို့နယ် ၁၇ မြို့နယ်တွင် ထင်းသုံးစွဲမှုလျှော့ချရေး ထင်းအစား အခြားလောင်စာသုံးစွဲရေး စံပြကျေးရွာ ၁၇ ရွာ တည်ထောင်လုပ်ဆောင်မည်

**မုံရွာ နိုဝင်ဘာ ၁၃**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အပူပိုင်းဇုန် အတွင်းသို့ ကျရောက်လျက်ရှိသော မြို့နယ် ၁၇ မြို့နယ်တွင် ထင်းသုံးစွဲမှု လျှော့ချနိုင်ရေး ကျေးရွာ ၁၇ ရွာအား ထင်းအစား အခြားလောင်စာသုံးစွဲရေး စံပြကျေးရွာများအဖြစ် တည်ထောင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးထံမှ သိရသည်။

"အပူပိုင်းဇုန်ထဲ ကျရောက်နေတဲ့ဒေသတွေ ပြန်လည်စိမ်းလန်းစိုပြည် လာစေဖို့ နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ပေးနေတဲ့နေရာမှာ ထင်းသုံးစွဲမှုကို အဓိကလျှော့ချနိုင်တဲ့ စံပြကျေးရွာတွေကို ဘဏ္ဍာရေးနှစ်အလိုက် တည်ထောင် ပေးတာကလည်း နည်းလမ်းတစ်ခုဖြစ်တယ်။ တစ်မြို့နယ်ကို စံပြကျေးရွာ တစ်ရွာနှုန်းနဲ့ ဖော်ဆောင်ပေးမှာဖြစ်တယ်။ ထင်းအစား အခြားလောင်စာသုံးစွဲ ရေးစံပြကျေးရွာတွေမှာ အသိပညာပေးပြောပွဲလုပ်ပြီး စွမ်းအားမြင့်မီးဖိုတွေ အခမဲ့ဖြန့်ဝေပေးတဲ့ အစီအစဉ်တွေပါမယ်။ စိုက်ပျိုးခင်းတွေက ထွက်ရှိတဲ့ စွန့်ပစ် အမှိုက်တွေကို လောင်စာအဖြစ်သုံးစွဲဖို့ အသိပညာပေးတာတွေ လုပ်ဆောင်ပေး တယ်။ ကျေးရွာပိုင်ထင်းစိုက်ခင်းတွေ တည်ထောင်ပေးတယ်။ ကိုယ့်ခြံဝင်း၊ စိုက်ခင်းဘေးတွေမှာ စိုက်ဖို့ သစ်ပင်တွေ ဖြန့်ဝေပေးမယ့် အစီအစဉ်တွေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် ကျေးရွာသုံးရွာအားလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကျေးရွာလေးရွာအားလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တွင် ကျေးရွာသုံးရွာအားလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် ကျေးရွာခုနစ်ရွာအားလည်းကောင်း ထင်းအစား အခြား လောင်စာသုံးစွဲသည့် စံပြကျေးရွာများအဖြစ် တည်ထောင်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း၏ လက်ကျန်ပွဲများကို လာမည့် မတ်လနှင့် ဇွန်လတို့တွင် ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု လက်ကျန်ပွဲများ ကျင်းပမည့်ကာလ ထုတ်ပြန်ခဲ့ပြီး မြန်မာ့လက်ရွေးစင် အသင်း၏ လက်ကျန်ပွဲများကို ၂၀၂၁ ခုနှစ် မတ်လနှင့် ဇွန်လတွင် ကစားရ မည်ဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် နိုဝင်ဘာ ၁၁ ရက်က အစည်းအဝေး ပြုလုပ်ပြီးနောက် ၂၀၂၂ ကမ္ဘာ့ဖလား နှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများကို ၂၀၂၁ ခုနှစ် မတ်လနှင့် ဇွန်လတွင် အပြီး ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန် ချက်အရ ပွဲစဉ် ၇ နှင့် ၈ ကို မတ်လ၊ ပွဲစဉ် ၉ နှင့် ၁၀ ကို ဇွန်လတွင် ကျင်းပ မည်ဖြစ်ပြီး ကျင်းပမည့်ရက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် လက်ကျန် သုံးပွဲကစားရန် ကျန်ရှိနေကာ ဂျပန် အသင်းနှင့် အဝေးကွင်း၊ ကာဂျစ္စတန် အသင်းနှင့် အိမ်ကွင်းပွဲကို မတ်လ၊ တာဂျစ်ကစ္စတန်အသင်းနှင့် အဝေး ကွင်းပွဲကို ဇွန်လတွင် ကစားရမည် ဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲ တွင် အုပ်စု (F)၌ ပါဝင်နေပြီး ဂျပန် အသင်းက လေးပွဲကစား ၁၂ မှတ် ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကာ ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန် အသင်းတို့က ငါးပွဲကစား ခုနစ်မှတ်စီ၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ငါးပွဲကစား သုံးမှတ်ရရှိထားသည်။ ယင်းအုပ်စုတွင် ဂျပန်တစ်သင်း တည်းသာ လေးပွဲကစားရန် ကျန်ရှိနေ ပြီး ကျန်လေးသင်းစလုံးမှာ သုံးပွဲစီသာ ကစားရမည်ဖြစ်သည်။ မြန်မာအသင်း သည် အုပ်စုပွဲစဉ်များတွင် သုံးပွဲဆက် တိုက်အရေးနိမ့်ပြီးမှ နောက်ဆုံးနှစ်ပွဲ ပြန်လည်အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းသည် မွန်ဂိုလီးယားကို အဝေးကွင်းတွင် (၁-၀) ဂိုး၊ ဂျပန်ကို အိမ်ကွင်းတွင် (၂-၀) ဂိုး၊ ကာဂျစ္စတန် ကို အဝေးကွင်းတွင် (၇-၀) ဂိုးဖြင့် အရေးနိမ့်ပြီး တာဂျစ်ကစ္စတန်ကို အိမ်ကွင်းတွင် (၄-၃)ဂိုး၊ မွန်ဂိုလီးယား ကို အိမ်ကွင်းတွင် (၁-၀) ဂိုးဖြင့် အနိုင် ရထားသည်။



၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် မွန်ဂိုလီးယားအသင်း ယှဉ်ပြိုင်ခဲ့စဉ်။

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှ ဖလား ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ပွဲပေါင်း ၆၀ ကျော် ကျင်းပရန် ကျန်ရှိ နေကာ တစ်သင်းလျှင် အများဆုံး လေးပွဲမှ အနည်းဆုံးသုံးပွဲ ထပ်မံကစား ရမည်ဖြစ်သည်။ ယခင်ရေးဆွဲထား သည့်ပွဲစဉ်အနေအထားအရ ၂၀၂၀ နှစ်လယ်ပိုင်းကတည်းက ပြီးဆုံးရ မည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး နှစ်ကုန်ပိုင်း တွင်လည်း ကျင်းပရန်မဖြစ်နိုင်သဖြင့် လာမည့်နှစ်သို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွန့်**

## ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်း အောင်သူကို ခေါ်ယူရန် ကြိုးပမ်းနေ



**ရန်ကုန် နိုဝင်ဘာ ၁၃**

ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းသည် MNL ကလပ် ရတနာပုံအသင်း၏ မြန်မာ့ လက်ရွေးစင်တိုက်စစ်မှူး အောင်သူကိုခေါ်ယူရန် ကြိုးပမ်းနေပြီး ရတနာပုံအသင်းနှင့် အပြောင်းအရွှေ့ကိစ္စအတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

အောင်သူသည် ထိုင်းလိဂ်-၁ တွင် နှစ်နှစ်ကြာကစားဖူးသူဖြစ်ပြီး လာမည့်နှစ်ဆန်း ပိုင်းတွင် ပြန်လည်ကစားခွင့်ရရန် အခွင့်အရေးရှိနေခြင်းဖြစ်သည်။ ထိုင်းလိဂ်-၁ ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် စက်တင်ဘာလမှ ပြန်လည်ကျင်းပခဲ့ပြီး ပထမ အကျော့မှာ နှစ်ကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သောကြောင့် ဘူရီရမ်အသင်းအနေဖြင့် အောင်သူကို ရာသီဝက်တွင်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။ ဘူရီရမ်အသင်းသည် အောင်သူကို အပြီးသတ်ခေါ်ယူရန် ကမ်းလှမ်းထားခြင်းဖြစ်ပြီး ရတနာပုံအသင်း တာဝန်ရှိသူများနှင့် အသေးစိတ်အချက်အလက်များ ဆွေးနွေးလျက်ရှိသည်။ အောင်သူသည် ထိုင်းလိဂ်တွင် ပြန်လည်ကစားခွင့်ရရန် အခွင့်အရေးရှိလာခြင်းဖြစ်ပြီး ဘူရီရမ်အသင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရထားကာ ကလပ်နှစ်သင်းကြား သဘောတူညီမှုရပါက အပြောင်းအရွှေ့ဖြစ်ပေါ်လာဖွယ်ရှိနေသည်။

အောင်သူသည် ၂၀၁၈ ခုနှစ်တွင် ထိုင်းလိဂ်သို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၈ ရာသီတွင် Police Tero အသင်း၊ ၂၀၁၉ ရာသီတွင် မြောင်တောင်ယူနိုက်တက်အသင်းတို့၌ ပါဝင်ကစားခဲ့သည်။ လက်ရှိတွင် အောင်သူနှင့် ရတနာပုံအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ သက်တမ်းအနည်းငယ်သာကျန်ရှိသောကြောင့် ဘူရီရမ်အသင်းအနေဖြင့် ပြောင်းရွှေ့ကြေးပေးကာ အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဘုန်းသော်**


**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၁-၂၀၂၀ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၈)ပါ အထက်တန်းရှေ့နေ ဦးမိုးဆက်နှင့် ဦးကျော်ဇေယျာထွန်းတို့၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်းတွင် ဦးအောင်တေဇ [၁၀/ မလမ(နိုင်)၁၈၄၅၄၂] ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက်ဟု ပြင်ဆင်ဖတ်ရှုပါ ရန်။

တော

တောင်

ပျက်ပြုန်း

မြေဆီ

သုဉ်း၏

**ဧအောင်မြေဧတနာ**

အကျိုးဆောင်လုပ်ငန်း အမြန်ရောင်းမည်

- ဝမ္ဘဧတီလမ်း၊ Golden Link, M-2,B-2 (1900-Sqft) ၃၅၀၀ သိန်း
- အလုံ၊ Hill Top Vista, M-2,B-1(ပြင်ဆင်ပြီး)(1300-Sqft) ၃၃၀၀ သိန်း
- မရမ်းကုန်း၊ မင်းဓမ္မကွန်ဒို,M-1,B-2(ပြင်ဆင်ပြီး)(2400-Sqft) ၃၃၀၀ သိန်း
- လှိုင်၊ ရွှေဟသာကွန်ဒို M-2,B-1(ပြင်ဆင်ပြီး)(1700-Sqft) ၃၂၀၀ သိန်း
- Junction Mawtin Tower,M-2,B-1(ပြင်ဆင်ပြီး)(1443-Sqft) ၂၉၀၀ သိန်း
- ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို M-1,B-2(ပြင်ဆင်ပြီး)(1750-Sqft) ၂၂၀၀ သိန်း
- ရွှေဂုံတိုင်ကွန်ဒိုသစ် M-2,B-1(ပြင်ဆင်ပြီး)(1350-Sqft) ၁၉၅၀ သိန်း
- ရန်ကင်း-ကျောက်ကုန်း M-1,B-2(ပြင်ဆင်ပြီး)(1800-Sqft) ၁၈၃၀ သိန်း
- လှိုင်-G.E.M.S Condo,M-1,B-1(ပြင်ဆင်ပြီး)(900-Sqft) ၁၀၉၀ သိန်း
- ဗဟန်း-ပုလဲကွန်ဒို M-1,B-2(ပြင်ဆင်ပြီး)(1250-Sqft) ၁၃၅၀ သိန်း
- အောင်ရတနာအေးရိပ်မြိုင်ကွန်ဒိုသစ်,M-1,B-1(1215-Sqft) ၈၂၀ သိန်း

09-422888894,09-422888893,09-422888892,09-447555584

**မတည်ရင်းနှီးငွေလျှော့ချခြင်း**

ကျွန်တော်များ MAJESTY POWER CO.,LTD ၏ မတည်ရင်းနှီးထားသော ကျပ်(၁၀၀၀၀၀)တန် အစုရှယ်ယာ(၅၀၀၀)စုမှ ကျပ်(၁၀၀၀၀၀)တန် အစု ရှယ်ယာ(၃၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

MAJESTY POWER CO.,LTD


Glucerna နှင့်အတူ ထိန်းညှိ လိုက်ပါ။
DAY 1
မှ စတင်လိုက်ပါ*
(၃)လ အတွင်းမှာ
သွေးတွင်းအချိုဓာတ်
တုံ့ပြန်မှု ကို ကောင်းမွန်စေဖို့
ကူညီပေးပါတယ်*
ဆီးချိုသွေးချို ရှိသူများ၏
အစားအသောက်ထိန်းညှိမှုအတွက် အာဟာရ
Glucerna
#1 ဆရာဝန်ညွှန်ကြားသော ဆီးချိုသွေးချိုဆိုင်ရာ အာဟာရဖော်မြူလာ^
Abbott Nutrition
Careline
09 260 35 62 62

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးအေးစိုး

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ ဘဏ္ဍာရေးဌာနကြီး**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အသက် (၆၃) နှစ်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေါ်အေးအေးစိုး (အထွေထွေမန်နေဂျာ-ငြိမ်း) အသက်(၆၃)နှစ်သည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဇော်-ဒေါ်မူမူဝင်း**
**ဝန်ကြီး(ငြိမ်း)**
**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးသာထွန်းအေး (ငြိမ်း)

လေ/၁၁၅၃
တပ်မတော်(လေ)၊ ငြိမ်း
ENGINEERING NEW COURSE
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့နေ (ဆရာဝန်ကြီး ဦးကျော်ဇော-ဒေါ်စိုးမြဦး)တို့၏သား၊ စစ်တွေမြို့နေ (ဦးမြထွန်းသာ-ဒေါ်အေးသာ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်သာနုဝေ)၏ခင်ပွန်းသည် ၁၂-၁၁-၂၀၂၀(ကြာသပတေးနေ့) ည ၉:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ**

## ဝမ်းနည်းကြေကွဲခြင်း

### (လေ/၁၁၅၃) ဗိုလ်မှူးကြီးသာထွန်းအေး(ငြိမ်း)

**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက် (၉၁) နှစ်**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (လေ/၁၁၅၃) ဗိုလ်မှူးကြီးသာထွန်းအေးသည် ၁၂-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားခြင်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများအားလုံးက မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း။

**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

### ဒေါ်သိန်းရီ(ကြည့်မြင်တိုင်)

**သူနာပြုဆရာမကြီး၊ ရန်ကုန်ဆေးရုံ(ငြိမ်း)**

**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဗိုလ်မြဒင်လမ်းနေ(ဦးထွန်းစိန်-ဒေါ်အေးညို)တို့၏သမီး၊ ဇီးကုန်းမြို့နေ(ဦးခင်-ဒေါ်မြခင်)တို့၏သမီးချွေးမ၊ (ဦးချစ်မောင်-ဒေါ်တင်ရီ)၊ (ဦးမောင်မောင်ကြင်-ဒေါ်တင်ကြည်)၊ (ဦးကျော်မြင့်-ဒေါ်ခင်ညွန့်)၊ (ဒေါ်သောင်း)၊ (ဦးမောင်စ)-ဒေါ်သိန်းကြည်တို့၏ညီမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၇၇)နေ (ဦးအေးလှိုင်၊ ဌာနခွဲထိန်း၊ ရဲချုပ်ရုံး)၏ဇနီး၊ ဦးသန်းဇော်ဦး-ဒေါ်မေမျိုးသန့်၊ ဒေါ်စုရီလှိုင်(လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဆေး-၂)တို့၏မိခင်၊ မသီရိထက်ထက်ဦး(အထက-၄၊ အလုံ)၏အဘွားသည် ၁၃-၁၁-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒေါ်ဝင်းဝင်းသန့်(ခ)ဦးဝေ(ခ)ဒေစီစံ (စစ်တွေမြို့)

**မန်နေဂျာ/ကုန်သွယ်ရေး (အငြိမ်းစား)**

**အသက် (၇၇) နှစ်**

(ဦးကောင်းစံရှိ-ဒေါ်ကျော့သာ)တို့၏သမီး၊ ခြံနံပါတ်(၃)၊ တောင်ထိပ်ပန်းလမ်း၊ သုဝဏ္ဏနေ ဦးမျိုးသန့်၏ ဇနီး၊ (ဒေါ်ဝင်းမြသိန်း)-ဦးတင်လတ်၊ Dr.အောင်သာသိန်း-ဒေါက်တာမေလွင်ဦး၊ (ဦးအောင်ကျော်-ဒေါ်မာမာအေး)၊ Dr. ဘသိန်း-Dr. စန်းစန်းဝင်း၊ Dr.မြင့်သိန်း-ဒေါ်ညိုညိုလွင်၊ (ဦးအောင်စိုး)၊ ဒေါ်မေသိန်းဝင်း-ဦးထွန်းဦးခင်၊ ဒေါ်စံသာခိုင်-(Capt.အောင်ကျော်ဟိန်း)၊ ဒေါ်စံအေးခိုင်-ဦးဝင်းထွန်းတို့၏အစ်မကြီး၊ တူ/တူမ ၁၈ ယောက်တို့၏ အကြီးရှင်သည် ၁၃-၁၁-၂၀၂၀ ရက် နံနက် ၁၀:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်းအမ၊ သိမ်၊ ကျောင်း၊ ရေကန် အလှူတော်ဒါယိကာမကြီး**

### ဒေါ်သန်းသန်းမြ

**မန်နေဂျာ၊ ဟိုတယ်/ခရီး (ငြိမ်း)**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့နေ (ဦးအေးမောင် - ဒေါ်ကြင်တုတ်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၇၁)၊ လေးလွှာ(စီ)၊ (၁၆၅)လမ်းနေ [ဦးမြင့်သိန်း(ကကငွေ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းသန်းလှ(ဟိုတယ်/ခရီး-ငြိမ်း)၏အစ်မ၊ ဦးစန္ဒီမာ(ရွှေမင်းဝံအင်းတကော်)၏ မယ်တော်ကြီး၊ ဦးခင်မောင်ကြူး-ဒေါ်ဝေဝေမြင့်၊ ဦးသောင်းထိုက်-ဒေါ်ဝတီမျိုးအောင်၊ ဦးနေလင်းအောင်-ဒေါ်သွယ်သဇင်ဦးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်သန်းသန်းမြသည် ၁၃-၁၁-၂၀၂၀ (သောကြာနေ့) နံနက် ၄ နာရီတွင် ပင်လုံဆေးရုံ၌ (၉၆) ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဗိုလ်မှူးကြီး သာထွန်းအေး

(လေ-၁၁၅၃)တပ်မတော်(လေ) ငြိမ်း
ENGINEERING NEW COURSE
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့နေ(ဆရာဝန်ကြီးဦးကျော်ဇော-ဒေါ်စိုးမြဦး)တို့၏သား၊ စစ်တွေမြို့နေ (ဦးမြထွန်းသာ-ဒေါ်အေးသာ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်သာနုဝေ)၏ခင်ပွန်း၊ (ဒေါက်တာ ဦးစောလှခိုင်- ဒေါ်စောတင်မြ)၊ (ဦးထွန်းအောင်ကျော်-ဒေါက်တာဒေါ်သိန်းနု)၊ (ဦးကျော်ဇံလှ)-ဒေါ်ကျော့လှတို့၏ညီ၊ (ဒေါ်လှမြ-ဦးသိန်းအောင်)၊ ဒေါ်တင်တင်-ဦးကိုကိုအေး၊ (ဒေါ်စိုးစိုး)၊ (ဒေါ်ခိုင်ခိုင်-ဦးအောင်ခင်)၊ (ဒေါ်မြမေ-ဦးနီအောင်ဖြူ)၊ (ဦးချန်ထွန်း)၊ ဒေါ်ခင်အေးတော၊ (ဒေါက်တာ ဦးအောင်ကျော်ဇော)-ဒေါက်တာဒေါ်မေသင်းဆွေ-ဒေါ်မြသူဇာ-(ဦးဟန်စိန်)တို့၏အစ်ကို၊ ဒေါ်မြနန်းအေး-ဒေါက်တာဦးသော်ထွန်း၊ ဦးမိုးထွန်းအေး-ဒေါ်လှမြတ်ထွေးတို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာစန္ဒီသော်ထွန်း၊ အေးသော်ထွန်း၊ ကေသီသော်ထွန်းတို့၏ ချစ်လှစွာသော အဘိုးရှင်သည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ ရက် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၁-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၁၂)၊ လေဆိပ်အသံလွှင့်ရုံလမ်းသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်ခင်စိန်

**အသက်(၈၈)နှစ်**

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**အ.ထ.က(၂)ပုဇွန်တောင်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၈၆)A2၊ ဗဟိုလမ်းနေ (ဦးကျော်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးစိုးမောင်-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ တာမွေမြို့နယ်၊ အမှတ်(၅၆)၊ ပထမထပ်ယာ၊ ဇေတိကလမ်းနေ (ဦးငွေလှိုင်)၏ဇနီး၊ ဦးဇော်လှိုင်ဦး၊ (ဦးကိုကိုနိုင်)-ဒေါ်ခင်သွယ်သွယ်လှိုင်(လ/ထကထိက၊ ငြိမ်း၊ သတ္တ)၊ ကပ္ပတိန်သူရလှိုင်(CD-19,Auditor,ABS)-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ညိုညိုတို့၏မိခင်၊ မောင်ပြည့်သီဟ(Third Officer, PIL)၊ မထက်ရှန်းလဲ့နိုင် (Final Part II, UM (1)၊မဖူးမျက်ချယ်(Final Year Arts Management, LASALLE College of the Art)၊ မောင်နေအောင်လင်း(Third Year Environmental Studies, YU)၊ မောင်ဟိန်းတေဇာ(First Year Industrial Chemistry, YU) တို့၏အဘွားသည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးစိန်ဝင်း(ရွှေကျွန်း)

**တရားလွှတ်တော်ရှေ့နေကြီး**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာခုအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၀၂)နေ ဒေါ်ကြင်ကြည်၏ခင်ပွန်း၊ ဦးဝင်းကျော်ဦး၊ ဦးမိုးဇော်၊ ဦးစိုးမိုးဝင်း၊ ဒေါ်တင်စုလှိုင်၊ ဒေါ်စောယုနွယ်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးစိန်ဝင်း(ရွှေကျွန်း)

**တရားလွှတ်တော်ရှေ့နေကြီး**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာခုအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၀၂)နေ ဒေါ်ကြင်ကြည်၏ခင်ပွန်း၊ ဦးဝင်းကျော်ဦး-ဒေါ်ဇင်မာအေး၊ ဦးမိုးဇော်-ဒေါ်စိုးစိုးထား၊ ဦးစိုးမိုးဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းထက်အောင်-ဒေါ်တင်စုလှိုင်၊ ဦးမောင်မောင်မင်းဇော်-ဒေါ်စောယုနွယ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုမြတ်ထက်သူ၊ မကြယ်စင်ယံ၊ မောင်ဇော်ဝင်းထွဋ်၊ မောင်တည်တံ့အောင်၊ မောင်မြတ်မင်းသန့်၊ မမြသက်လျာအောင်၊ မမိုးနှင်းခိုင်၊ မထက်အိမ်ဝင်း၊ မအိဖြိုးသံသာတို့၏ ဘိုးဘိုးကြီးသည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဦးသုနန္ဒ(ခ) ဦးသိန်းဟန်(မာန်အောင်)

**သိက္ခာတော် (၆)ဝါ၊ သက်တော် (၉၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နဝရတ်မြို့ပတ်လမ်း၊ အောင်ဇေယျာသီရိစာသင်တိုက်၊ မဟ္တသုခကျောင်းဆောင်တွင် သီတင်းသုံးနေထိုင်သော (ဆရာမကြီးဒေါ်အုန်းကြွယ်)၏ ခင်ပွန်း၊ ဦးဘဖြူ-ဒေါ်ခင်ကြွယ်၊ ဦးခင်မောင်ကြွယ်-(ဒေါ်ခင်ဝင်းမာ)၊ ဆရာလေး ဒေါ်စန္ဒဝတီ၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး ဦးသုနန္ဒ(ခ)ဦးသိန်းဟန်သည် (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၁၃-၁၁-၂၀၂၀ (သောကြာနေ့) နံနက် ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ကျိုစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**စေတီ၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

### ဒေါ်ခင်အေး

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၄(က)ကမ္ဘောဇရိပ်သာနေ(ဦးအောင်မြင့်-ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ ဦးမိုးဝင်းမောင်(Htoo Htet Company)၏ ချစ်လှစွာသောဇနီး၊ ဦးထူးထက်-ဒေါ်မွန်ပိုင်ဇာ၊ ဦးနေအောင်(Oway Founder)တို့၏မိခင်၊ မော်လမြိုင်မြို့နေ (ဦးစိန်မြင့်-ဒေါ်ခင်လှ)၊ ရန်ကုန်မြို့နေ ဒေါ်လဲ့လဲ့ဦး၊ ဒေါ်သီတာလှမောင်- ဦးအောင်စိုး၊ ဦးထိန်လင်းမောင်-ဒေါ်ချယ်ရီ၊ ဒေါ်စန္ဒာလှမောင်-ဦးသန့်ဇင်တို့၏ညီမ၊ မေမိုးထက်၊ နေသန်ထက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၁၁-၂၀၂၀(ကြာသပတေးနေ့) ည ၁၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅-၁၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဦးဂိုစိန်(ခ)ဦးကျော်မိုးလွင်

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၈၅၊ မြေညီထပ်(ဘယ်)ခန်း၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးလင်ရွှေတင်-ဒေါ်ကိုကင်တီ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ်-၁၂၊ ဒုတိယထပ်၊ လမ်းမတော်လမ်း၊လမ်းမတော်မြို့နယ်နေ (ဦးလူဝါး)-ဒေါ်အတီ(ခ)ဒေါ်ခင်အေးတို့၏မောင်၊ [ဦးကျင်စိန် (ခ)ဦးအာပုံ]-ဒေါ်သီတာအေးတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မြေးတူမတစ်ယောက်၊ မြေးတူတစ်ယောက်တို့၏အဘိုး၊ ဒေါ်ကျင်စိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းမင်းကျော်၊ မောင်ပြည့်ဟန်တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၁-၂၀၂၀(ကြာသပတေးနေ့) မွန်းလွဲ ၂:၅၅ နာရီတွင် ဗဟိုရိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးရဲလတ် (ခ) ဦးဆန်နီ

**အသက် (၆၁) နှစ်**

(ဦးတင်လတ် - ဒေါ်ခင်ရီ)တို့၏ သား၊ ဦးမြညွန့်-ဒေါ်ခင်ခင်လတ်တို့၏ မောင်၊ (ဦးခင်မောင်လတ်)-ဒေါ်ကြူကြူ၊ ဦးကိုကိုလတ်-ဒေါ်ကျင်ကျင်ရီ၊ ဦးရီလတ်-ဒေါ်ချိုချိုမြိုင်၊ ဦးကျော်လတ်-ဒေါ်အမြင့်တို့၏ ညီ၊ (ဦးမောင်မောင်လတ်)၏ အစ်ကို၊ မမို့မို့လတ်မောင်၊ မောင်သွင်ဇော်ရဲလတ်တို့၏ဖခင်၊ (ဒေါ်မာလာဦး)၏ ခင်ပွန်း ဦးရဲလတ်သည် ၁၂-၁၁-၂၀၂၀ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (Covid-19 ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်ပါ၍ လိုက်ပါပို့ဆောင်ခြင်းအား သည်းခံပါရန် တောင်းပန်အပ်ပါသည်။) ကျန်ရစ်သူမိသားစု

### ဒေါ်တင်လှ(ဗန်းမော်)

**အသက်(၈၃)နှစ်**

ဗန်းမော်မြို့နေ(ဦးစံထွန်း-ဒေါ်ချယ်)တို့၏စတုတ္ထသမီး၊ မန္တလေးမြို့နေ (ဦးကျော်ကြီး-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ ဗောဓိလမ်း၊ အမှတ်-၁၃၆ နေ (ဦးဝင်းမောင်)၏ဇနီး၊ (ဒေါ်မြစိန်)၊ (ဒေါ်အေးခင်)၊ (ဦးသိန်းမောင်)တို့၏ညီမ (ဦးအောင်သန်း)၏အစ်မ၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်ဌေးမြင့်၊ ဒေါ်ခင်ပြုံးကြည်တို့၏အဒေါ် ဦးကျော်စွာစိုး-ဒေါ်မွန်း၊ ဦးဆွေသက်မောင်-ဒေါ်မွှေး၊ ဦးစည်သူသိန်း-ဒေါ်မိမိစံတို့၏မိခင်ကြီး ဖွဲ့ဝေယံထူး၊ သုတလင်းဟန်၊ သံသာနှင်းဆင့်၊ ဆုဝတီမောင်၊ သက်ရတီနှင်းတို့၏အဘွားသည် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၆:၃၀နာရီတွင် တပ်မတော်အသည်းအထူးကုဆေးရုံကြီး(ရန်ကုန်)တွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးမောင်ထွန်းလှ (စစ်တွေ)

**အသက် (၇၆) နှစ်**

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်နေ [ဦးမောင်သာပန်း(သတင်းစာကိုယ်စားလှယ်)-ဒေါ်စိန်တင်]တို့၏ သားကြီး၊ စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်နေ [ဦးထွန်းကျော်အောင် (စန်းသော်တာဆေးလိပ်ခုံပိုင်ရှင်)-ဒေါ်ဦးကျော့စိန်]တို့၏သားသမက်၊ (ဒေါ်ဒါဦးဝေ)၏မောင်၊ ဦးထွန်းအေး (ဦးဂန္ဓသာရ)၊ (ဒေါ်သိန်းတင်)-ဦးစံသိန်း၊ ဦးထွန်းသာ-ဒေါ်ထွန်းမစိန်၊ ဦးထွန်းတင်-ဒေါ်သန်းသန်းရီ၊ ဦးထွန်းဝင်း-ဒေါ်မြသီဂီ၊ ဦးထွန်းသိန်း (ဦးဝိမလ)တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ခြောက်လွှာ(ဘယ်)၊ အသောကလမ်း၊ တာမွေမြို့နယ်နေ ဒေါ်ငွေစိန်၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ခိုင် (MOGE) (CNG)၊ ဦးစောဝင်းထွန်း၊ (ဦးကျော်မျိုးထွန်း)တို့၏ဖခင်ကြီး၊ ဦးစိုးဖော်အောင်၊ ဒေါ်စံသာနု-ဦးမောင်ချမ်းသာ၊ ဦးရွှေဘော်အောင်-ဒေါ်နီလာအောင်တို့၏အစ်ကိုကြီးသည် ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁၂:၂၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လေးခင်ခင်

**အသက်(၆၃)နှစ်**

ကျောက်ပန်းတောင်းမြို့၊ လက်ပံဖျားကျေးရွာနေ(ဦးမောက်)-ဒေါ်မှို့ဥတို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးသုခ)-ဒေါ်ခင်အုန်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၂၅)နေ ဦးမောင်မောင်ခ၏ဇနီး၊ ဦးရန်ရှင်းမောင်မောင်(Project Engineer,Dawn Construction Ltd)-ဒေါ်ရွှေဇင်ထွန်း(ကထိက၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ ဒေါက်တာကျော်ဇောလင်း(လက်ထောက်ဆရာဝန်(အရိုး)၊ ဘားအံပြည်သူ့ဆေးရုံကြီး)-ဒေါက်တာစန္ဒာဝင်း(တတိယနှစ်၊ ဘွဲ့လွန်ကျောင်းသူ၊ အရေပြားရောဂါပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏မိခင်၊ မောင်မိုးမြင့်ထက်၊ မရှင်းအိမ့်သက်နှင်း၊ မောင်ခန့်မင်းကျော်တို့၏အဘွား ဒေါ်လေးခင်ခင်သည် ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

(ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၁-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကပ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သဟ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၄၇ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးလင်းလင်းဦး | ၁/တနန(နိုင်)၀၀၈၉၀၅ | တနိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးအောင်သိန်း | ၁/ဗမန(နိုင်)၀၃၀၈၉၉ | ဗန်းမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးဝင်းအောင် | ၁/မကတ(နိုင်)၀၀၀၄၃၅ | မိုးမောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးမျိုးဝင်း | ၅/ခဥတ(နိုင်)၀၄၉၅၄၉ | ချောင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်ချိုချိုဝင်း | ၅/မလန(နိုင်)၀၀၁၆၇၅ | မော်လိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမောင်မောင် | ၅/ထခန(နိုင်)၀၂၄၆၂၄ | ထီးချိုင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးကျော်စွာဝင်း | ၅/ကသန(နိုင်)၀၆၉၂၀၉ | ကသာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးအောင်စိုး | ၅/မရန(နိုင်)၀၂၃၈၁၀ | ယင်းမာပင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးစောမောင် | ၅/ဆလက(နိုင်)၀၃၆၀၂၁ | ဆားလင်းကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်ခင်စန်းလှိုင် | ၅/ဝလန(နိုင်)၀၇၈၄၆၁ | ပုလဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးလှထွန်းအောင်(ခ) မောင်မောင် | ၉/မလန(နိုင်)၀၀၃၈၁၈ | မလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၂) | ဦးငွေးလွင်(ခ) ဦးဒီလုံး | ၁၃/နစန(နိုင်)၀၀၀၁၀၅ | နမ့်စန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | စိုင်းအောင်ကျော် | ၁၃/ကသန(နိုင်)၀၀၀၅၆၃ | ကျေးသီး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးအုန်းဝင်း | ၉/မမန(နိုင်)၀၃၁၀၇၆ | တောင်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးပီတယ်အောင် | ၁၃/ဖခန(နိုင်)၀၆၄၃၂၁ | ဖယ်ခုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဒေါက်တာခင်မျိုးသွယ် | ၁၃/ရစန(နိုင်)၀၂၅၁၆၀ | ရပ်စောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၇) | ဒေါ်ဝေမာလွင် | ၁၄/ဘကလ(နိုင်)၂၃၀၇၆၅ | ဘိုကလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးသန်းအောင် | ၁၄/ငပတ(နိုင်)၀၄၆၀၆၇ | ငပုတော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးဝေလှိုင်ထွန်း | ၁၄/ပသန(နိုင်)၁၄၆၇၅၈ | ပုသိမ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ကန့်ဘလူမြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**ကန့်ဘလူ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် လက်ဝယ်အရောက် ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ကိုဗစ်ကာလ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အမှတ်(၁) ရပ်ကွက်ရှိ အိမ်ထောင်စု ၉၉၂ စုအတွက် ဆယ်အိမ်ခေါင်းအလိုက် ထုတ်ပေးခြင်းဖြစ်ကြောင်း အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်က ပြောပြသည်။

အလားတူ ထောက်ပံ့ငွေများပေးအပ်ရာတွင် ကန့်ဘလူမြို့နယ်၌ ရပ်ကွက်(၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၆ အုပ်စုမှ အိမ်ထောင်စု ၆၆၄၄၉ စုအား နိုင်ငံတော်အစိုးရက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၃၂၈၉၈၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဒီးမော့ဆိုမြို့နယ်၌ ပိုးတွေ့လူနာနှင့် ထိတွေ့ခဲ့သည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၆၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေး

**ဒီးမော့ဆို နိုဝင်ဘာ ၁၃**

ကယားပြည်နယ်၌ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၅ ရက် ညနေပိုင်းက မကွေးမြို့နယ်မှ ဒီးမော့ဆိုမြို့နယ် ကပ္ပာယ်ခူပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ဝင်ရောက်လာသူ သုံးဦး၏ ခတ်ခွဲနမူနာကို တောင်ကြီးမြို့ ပြည်သူ့ကျန်းမာရေးခတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်တွင် အမျိုးသားတစ်ဦး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည်။

အဆိုပါ ပိုးတွေ့လူနာနှင့် ထိတွေ့ခဲ့သူ ဒီးမော့ဆိုမြို့နယ် ကပ္ပာယ်ခူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် အသွားအလာ ကန့်သတ်ထားသော အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို)တို့မှ တာဝန်ကျဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၆၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း ရှိ၊ မရှိ Rapid Test Kit ဖြင့် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း မရှိကြောင်း သိရသည်။

ပိုးတွေ့လူနာသည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်တွင် နေထိုင်သူဖြစ်ပြီး ကယားပြည်နယ်တွင် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို)တွင် အသွားအလာ ကန့်သတ်ထားသူ ၃၁ ဦးကိုလည်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရီရယ်(ပြန်/ဆက်)**

